မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်၊ ၂၀၀၅ ခုနှစ်၊ မေ ၂၃ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၂)၊ အမှတ်(၂၃၂)

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရွှေစင်ရွှေသား၊ ရွှေမျက်ပါးသင်္ကန်းတော် ဆက်ကပ်လှူဒါန်းမှု အောင်မြင်ခြင်း အထိမ်းအမှတ် ဗုဒ္ဓါဘိသေကအနေကဇာတင် ရေစက်ချမင်္ဂလာအခမ်းအနားကို စေတီတော်ရင်ပြင် ရာဟုထောင့်ရှိ ဗဟိုမဏ္ဍပ်၌ကျင်းပရာ ဆရာတော်သံဃာတော်များ ဤသို့ အနေကဇာတင်လှူ ပူဇော်ကြသည်။ ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေစင်ရွှေသား၊ ရွှေမျက်ပါးသင်္ကန်းဆက်ကပ်လှူဒါန်းမှု အောင်မြင်ခြင်းအထိမ်းအမှတ် ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၂

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေစင်ရွှေသား၊ ရွှေမျက်ပါးသင်္ကန်းတော် ဆက်ကပ်လှူဒါန်းမှု အောင်မြင်ခြင်းအထိမ်းအမှတ် ဗုဒ္ဓါဘိသေကအနေကဇာတင် ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်ရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

စာမျက်နှာ ၈ ကော်လံ ၁ *

ကဆုန်လပြည့် (ဗုဒ္ဓနေ့)က ရွှေတိဂုံစေတီတော် ရင်ပြင်တော်တွင် ကုသိုလ်ယူသူများဖြင့် အထူးစည်ကား များပြားလှသည်ကို ဤသို့ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ မေလ ၂၃ ရက်)

တိုင်းရင်းသားပြည်သူများ တစ်စိတ်တစ်ဝမ်းတည်းပေါင်းစည်း အဖျက်သမားအန္တရာယ် အစဉ်တစိုက်တွန်းလှန်တိုက်ဖျက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမိုင်းအတွေ့အကြုံသင်ခန်းစာများအရ နိုင်ငံတော်က ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် အမျိုးသားရေးမူဝါဒကိုချမှတ်ပြီး နိုင်ငံတည်ငြိမ်အေးချမ်းစေရန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မာစေရန်၊ တိုင်းရင်းသားလူမျိုးများအကြား ဆူကြုံနိမ့်မြင့်ကွာဟချက် ကျဉ်းမြောင်းပပျောက်စေရန် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် မေလ ၂၁ရက်နေ့က ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် ကွတ်ခိုင်-တာမိုးညဲ-မုံးစီး- တာရွှေထန်လမ်းပေါ်ရှိ သံလွင်တံတား(တာပါး)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင်-

"နိုင်ငံတော်အစိုးရ၏ ဖြူစင်ဖြောင့်မတ်သည့် စိတ်ရင်းစေတနာမွန်ကြောင့် ဖြစ်ထွန်းလာသည့် ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို အကျိုးရှိထိုက်တန်စွာ အသုံးချပြီး မိမိဒေသဖွံ့ဖြိုးတိုးတက်မှုကတစ်ဆင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တိုးတက်ခိုင်မာပြီး ပြည်ထောင်စုကြီးအစဉ်ထာဝရ တည်တံ့ခိုင်မြဲစေရအောင် တိုင်းရင်းသားလူမျိုးများအားလုံးက ပြည်ထောင်စုစိတ်ဓာတ် အခြေခံဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းလက်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြရန်"

မှာကြားသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူများနှင့် တပ်မတော်အင်အားစုသုံးရပ်၏ ခိုင်မြဲသည့် ပူးပေါင်းဆောင်ရွက်မှုစွမ်းအားကြောင့် ရှမ်းပြည်နယ်အပါအဝင် ပြည်ထောင်စုကြီးတစ်ရပ်လုံးတွင် တည်ငြိမ်အေးချမ်းမှု၊ ဘက်စုံဖွံ့ဖြိုးတိုးတက်မှု၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာမှု၊ ပြည်သူများ လူနေမှုဘဝအဆင့်အတန်း မြင့်မားမှုစသည့် အခြေခံကောင်းများ ပြည့်ပြည့်စုံစုံ ခိုင်ခိုင်မာမာ ဖြစ်ထွန်းနေသည်ကို အထင်အရှား မြင်တွေ့နေရပေသည်။

ယင်းကဲ့သို့ အခြေခံကောင်းများ ဖြစ်ထွန်းစေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် ကိုလိုနီနယ်ချဲ့တို့ ရည်ရွယ်ချက်ရှိရှိဖြင့် စနစ်တကျဖန်တီးထားရစ်ခဲ့သည့် တယူသန် လူမျိုးရေးအစွဲအလမ်းများ၊ တိုင်းရင်းသားလူမျိုးများအကြား သံသယပွား အချင်းများစေမှုများကို နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလူမျိုးများ လက်တွဲ၍ အောင်မြင်စွာ တွန်းလှန်ဖယ်ရှားခဲ့ရပေသည်။

ယနေ့ထက်တိုင်လည်း ကိုလိုနီနယ်ချဲ့၏ ဆိုးမွေဖြစ်သည့် မူးယစ်ဆေးဝါးအန္တရာယ်နှင့် တိုင်းရင်းသားလူမျိုးများအကြား ဆူကြုံနိမ့်မြင့်ကွာဟချက်တို့ကို ရှမ်းပြည်နယ်အတွင်းမှ အပြီးတိုင်ပပျောက်သွားစေရန် အားသွန်ခွန်စိုက် ကြိုးပမ်းတိုက်ဖျက် ဆောင်ရွက်နေကြဆဲပင် ဖြစ်သည်။

သို့သော်လည်း ကိုလိုနီနယ်ချဲ့ လက်သစ်များနှင့်၎င်းတို့၏ လက်ဝေခံအဖျက်သမားများသည် တယူသန် လူမျိုးရေးအစွဲအလမ်းများ၊ အာဃာတများ ပြန်လည်သွတ်သွင်း သွေးခွဲနိုင်စေရန်အတွက် လုပ်ဇာတ်ခင်းစွပ်စွဲမှုများ၊ ပြည်ထောင်စုကြီးပြိုကွဲစေမည့် အစီအမံများကို ပြည်တွင်း၊ ပြည်ပ အကြမ်းဖက်အဖျက်သမားများက ချိန်ကိုက်လှုပ်ရှား လုပ်ဆောင်လာကြသည်ကို ကြားသိနေရပေသည်။

ယင်းကဲ့သို့ ကြံစည်လုပ်ဆောင်လာနေမှုများကို ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားပြည်သူ အားလုံးသာမက နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူများက ပြည်ထောင်စုစိတ်ဓာတ် အခြေခံဖြင့် အစဉ်အမြဲသတိပြုဆန့်ကျင်ချေမှုန်းသွားကြရန် လိုအပ်ပေသည်။

သို့ဖြစ်ရာ ကိုလိုနီနယ်ချဲ့၏ အနိဋ္ဌာရုံဆိုးမွေများ ပြန်လည်တစ်ပတ်လည်မလာစေရန်အတွက် အဖျက်သမားများ၊ ပြည်ထောင်စုဖြိုခွဲရေးသမားများ၏ အန္တရာယ်ကို တိုင်းရင်းသားပြည်သူအားလုံးက ပြည်သူ့သဘောထား(၄)ရပ်နှင့် အညီ တစ်စိတ်တည်းတစ်ဝမ်းတည်း လက်တွဲပေါင်းစည်းပြီး အစဉ်တစိုက် တွန်းလှန်တိုက်ဖျက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သန်းငွေ အမှာစကားပြောကြား

ရန်ကုန် မေ ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေသည် ယမန်နေ့နံနက်ပိုင်းက မော်ဘီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း၊ နွေရာသီသင်တန်းများ ဆင်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သန်းငွေက သင်တန်းဆင်း အမှာစကား ပြောကြားပြီး**(အောက်ပုံ)** ထူးချွန်သင်တန်းသား၊ သင်တန်းသူများအား ဆုများ ပေးအပ်ကာ အသင်း၏ သင်တန်းအသီးသီးတွင် အသုံးပြုရန် အလှူငွေများကို မြို့နယ်အသင်း အတွင်းရေးမှူးထံ ပေးအပ်သည်။

သင်ကြားပို့ချ

အဆိုပါ နွေရာသီသင်တန်းများကို မော်ဘီမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၆အုပ်စု၌ သင်တန်းနေရာပေါင်း ၇၆ခု ဖွင့်လှစ်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ၂၀၀၅ ခုနှစ် မတ်လနှင့် ဧပြီလများတွင် နှစ်ကြိမ်ခွဲ၍ သင်တန်းသား၊ သင်တန်းသူပေါင်း ၄၀၀၀ကျော်ခန့်ကို အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်း၊ အားကစားအခြေခံသင်တန်းများ သင်ကြားပို့ချပေးခဲ့သည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် တိုက်ကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်ပြီး မြို့နယ်အသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ အသင်းကြီးကချမှတ်ထားသော လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ မိမိတို့ မြို့နယ်အတွင်းရှိ မြို့နယ်၊ ရပ်ရွာလုံခြုံရေး၊ အဖျက်အမှောင့်အန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများနှင့်အတူ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားပြီး သင်တန်းများတွင် အသုံးပြုရန် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

စစ်ဆေး

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဗိုလ်မှူးချုပ်သန်းငွေသည် မြို့နယ်အသင်းက ဆောင်ရွက်လျက်ရှိသော နှစ်တို၊ နှစ်ရှည် စိုက်ပျိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၁၀ရက်က ရန်ကုန်တိုင်း ကော့မှူးမြို့ ပြည်တော်သာရပ်ကွက်ရှိ မြို့နယ်မလွန်ဆန်လှူသင်းထောက်အဖွဲ့ပိုင် မြေပေါ်တွင်တည်ဆောက်လျက်ရှိသော မလွန်ဓမ္မာရုံတော်ကြီးအတွက် စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ ဓမ္မကထိကဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်သူမြတ်က ဒုတိယအကြိမ် အလှူတော်ငွေကျပ် တစ်သိန်းတစ်သောင်းကို ပေးအပ်လှူဒါန်းရာ မလွန်ဆန်လှူအသင်းဥက္ကဋ္ဌ ဦးခင်ဇော်က လက်ခံရယူစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၃-၅-၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၅ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေး ပို့ချမှုအစီအစဉ် (First Year Guide) (ဒုတိယနှစ်- အင်္ဂလိပ်စာအထူးပြု)
- ၅:၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၄။ လှျပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရုသစုံလင်ရုပ်မြင်ဇာတ်လမ်း **"၂၄ နာရီ" (အပိုင်း၄)**
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ မေးမြန်းစူးစမ်း
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ ရုသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်နှာဖုံးလူနဲ့ ရွှေမင်းသမီး"** (အပိုင်း-၂၆)

မအူပင်မြို့ မုနိရာမာရုဏော မြို့ဦးပေါ်တော်မူရွှေစေတီတော် အထက်ဌာပနာတော်သွင်း ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်မဟာမင်္ဂလာကျင်းပ

ရန်ကုန် မေ ၂၂

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့သည် ယနေ့နံနက်ပိုင်းတွင် မအူပင်မြို့ မုနိရာမာရုဏော မြို့ဦးပေါ်တော်မူရွှေစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ နံနက် ၇နာရီခွဲတွင် ရွှေစေတီတော်လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော် ရှစ်ဆူအား တိုင်းမှူး၊ ဝန်ကြီးများနှင့် ဒါယကာ ဒါယိကာမများက ရွှေကြာသင်္ကန်း၊ မြသပိတ်၊ သစ်သီးဆွမ်းများ ဆပ်ကပ်လှူဒါန်းကြသည်။ ထို့နောက် မင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဝါးခယ်မဆရာတော် ဘဒ္ဒန္တ ပဏ္ဍဝံသထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများ၊ ဒါယကာ ဒါယိကာမများက ရတနာစိန်ဖူးတော်၊ ရတနာ ငှက်မြတ်နားတော်၊ ပဋိမာရုပ်ပွားဆင်းတုတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော် သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှပေးဝေ

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု ညောင်တုန်းမြို့ ပုဏ္ဏာရာမဈေးကျောင်းဆရာတော် ဘဒ္ဒန္တ ဩဘာသာဘိဝံသထံမှ အနုမောဒနာတရား နာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်ဘုံဆင့်များ၊ ဌာပနာများအား တိုင်းမှူး၊ ဝန်ကြီးများနှင့် အလှူရှင်များက ဒေဝါဝင်း၊ ရာဇာဝင်းတို့ဖြင့် စေတီတော်မြတ်ကြီးအား လက်ယာရစ်သုံးပတ်ပူဇော်ကာ မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူကြသည်။

ထို့နောက် အလယ်ဌာပနာတော်သွင်း မင်္ဂလာအခမ်းအနားကို ကျင်းပရာ တိုင်းမှူး၊ ဝန်ကြီးများနှင့် အလှူရှင်များက ပဋိမာရုပ်ပွားဆင်းတုတော်များအား ဌာပနာသွင်းလှူပူဇော်ကြသည်။ ဆက်လက်၍ အထက်ဌာပနာတော်သွင်း မင်္ဂလာအခမ်းအနားကို ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်နှင့် မအူပင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်တို့က ဌာပနာသွင်းလှူပူဇော်ပေးကြသည်။

ဗုဒ္ဓါဘိသေကအနေကဇာတင်

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးများနှင့်အလှူရှင်များက ထီးတော်ဘုံဆင့်များ၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်နှင့် အရံစေတီထီးတော်များ၊ ရွှေကြာသင်္ကန်းများအား တစ်ပြိုင်တည်း တင်လှူပူဇော်ကြပြီး ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြသည်။ ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က ဗိသုကာပညာရှင်များကိုယ်စား ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလှသန်းအား လက်ဆောင်ပစ္စည်းများချီးမြှင့်ပြီး အခမ်းအနားမှူး ဦးသူရက အောင်ဆုမင်္ဂလာ အမျှဝေစာတမ်း ဖတ်ကြား၍ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ရုပ်သိမ်းသည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဝန်ကြီးများနှင့် အလှူရှင်များက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ လောင်းလှူပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အကြို ညီလာခံ(၂၀၀၅)ကျင်းပရေး အထိမ်းအမှတ်လှူဆောင်ရေးမြေစိုက်ပိုစတာစိုက်ထူ

ရန်ကုန် မေ ၂၂

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အကြိုညီလာခံ(၂၀၀၅) ကျင်းပရေး အထိမ်းအမှတ် လှူ့ဆော်ရေးမြေစိုက်ပိုစတာစိုက်ထူပွဲကို မေ ၂၁ ရက် နံနက် ၈ နာရီက ကျိုင်းတုံမြို့ မြို့တော်ခန်းမရှေ့၌ ကျင်းပရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ နာယက ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တပ်မတော်အရာရှိကြီးများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

အစီအစဉ်အရ ရှမ်းပြည်နယ် (အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့နာယက တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အကြိုညီလာခံ(၂၀၀၅)ကျင်းပရေးအထိမ်းအမှတ် လှူ့ဆော်ရေးမြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်ခလုတ်နှိပ်ဖွင့်လှစ်

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အကြိုညီလာခံ(၂၀၀၅) ကျင်းပရေးအထိမ်းအမှတ် လှူ့ဆော်ရေးမြေစိုက်ပိုစတာကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ နာယက ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မိုးကြိုဂုန်လျှော်နှင့် ချည်ပေါင်လျှော်စိုက်ခင်းများ ကြည့်ရှု တစ်ဧကအထွက်နှုန်းတိုးတက်ရေး နည်းပညာပံ့ပိုးကူညီပေးရန် မှာကြား

ရန်ကုန် မေ ၂၂

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဧရာဝတီတိုင်း မအူပင်မြို့နယ် ဝါးတောကျေးရွာအုပ်စု ရေနံချောင်းကျေးရွာတစ်ဝိုက်၌ စိုက်ပျိုးထားသည့် မိုးကြိုဂုန်လျှော်နှင့် ချည်ပေါင်လျှော်စိုက်ခင်းများကို ယနေ့ သွားရောက်ကြည့်ရှုပြီး တောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ လယ်ယာကဏ္ဍ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကိစ္စများကို ဆွေးနွေးသည်။(အောက်ပုံ)

ကူညီမှုပေး

ဝန်ကြီးနှင့်အဖွဲ့အား မအူပင်ဇုန် မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း မန်နေဂျာက မအူပင်ဇုန်၌ ဂုန်လျှော်စိုက်ပျိုးရေးနှင့် ဝယ်ယူရေးစခန်း ၂၃ ခုဖြင့် လုပ်ငန်းဆောင်ရွက်မှု၊ စိုက်ပျိုးဧကတိုးတက်လာမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ဂုန်လျှော်၊ ချည်ပေါင်လျှော်စိုက်ဧက တိုးချဲ့သကဲ့သို့ တစ်ဧက အထွက်နှုန်း တိုးတက်ရေးနှင့် တောင်သူများဝင်ငွေတိုးရန်ဌာနမှမျိုး၊ နည်းပညာပံ့ပိုးပစ္စည်းတို့ ကူညီမှုပေးရန် မှာကြားသည်။

ယင်းနောက် ဂုန်လျှော်စိုက်တောင်သူများက ဂုန်လျှော်စိုက်ပျိုးမှု အတွေ့အကြုံများ၊ တစ်ဧက ပိဿာ ၂၀၀ ကျော်၊ ပိဿာ ၃၀၀ ခန့် ထွက်ရှိနိုင်မှုများကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ဆက်လက်၍ ဝန်ကြီးသည် တောင်သူများနှင့်အတူ ဖြစ်ထွန်းအောင်မြင်နေသည့် မိုးကြို ဂုန်လျှော်စိုက်ခင်းနှင့် ချည်ပေါင်လျှော်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းတွင်ကျယ်စေရန် လယ်ယာလုပ်ငန်းခွင်၌ စက်ကိရိယာ အသုံးပြုရေး၊ တောင်သူများလိုအပ်သည့် လက်တွန်းထွန်စက်နှင့် စက်ကိရိယာများ အရစ်ကျရောင်းချပေးရေး၊ ဌာနမှစက်ကိရိယာများ ငှားရမ်းအသုံးပြုရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးသည် တောင်သူများနှင့် ပန်းတိုင်အထွက်နှုန်းရရှိနိုင်သည့် စပါးမျိုးများ စိုက်ပျိုးထုတ်လုပ်ရေး၊ လယ်ယာသုံးလက်တွန်းထွန်စက်၊ ကျေးလက်ဒေသသုံး သယ်ပို့ယာဉ်များ ဝယ်ယူအသုံးပြုရေး ကိစ္စများကို ဆွေးနွေးရာ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်နှင့် မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲဖုန်းမြင့်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုန်းသန်းတို့က ဌာနများက ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငြိမ်းချမ်းသည့် လွတ်လပ်သောနိုင်ငံခြားရေးမူဝါဒ တရုတ်နိုင်ငံ အစဉ်အမြဲ ကျင့်သုံးသွားမည်

စင်ကာပူ မေ ၂၁

တရုတ်နိုင်ငံသည် ငြိမ်းချမ်းသည့် လွတ်လပ်သောနိုင်ငံခြားရေးမူဝါဒကို အစဉ်ကျင့်သုံးမည်ဖြစ်ပြီး ယင်း၏ဖွံ့ဖြိုးတိုးတက်မှုက အခြားသူများကို ခြိမ်းခြောက်ခြင်းမဟုတ်ကြောင်း အလည်အပတ်ရောက်နေသည့် တရုတ်ဒုပဒေပြုလွှတ်တော်အမတ် ဂူဘန်ကျို့က စင်ကာပူ၌ မေ ၁၈ ရက်က ပြောကြားလိုက်သည်။

တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ငြိမ်းချမ်းသောဖွံ့ဖြိုးတိုးတက်မှု တစ်ခုဖြစ်သည်ဟု တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်၊ အမြဲတမ်းကော်မတီ ဥက္ကဋ္ဌ ဂူဘန်ကျို့က တရုတ်-စင်ကာပူစီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်အဖွင့်၌ ပြောကြားလိုက်သည်။

တာဝန်ခံ

တရုတ်နိုင်ငံသည် ငြိမ်းချမ်းသည့် လွတ်လပ်သောနိုင်ငံခြားရေးမူဝါဒကို အစဉ်ကျင့်သုံးပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကိုကာကွယ်ရန်နှင့် ဘုံဖွံ့ဖြိုးမှုကို တိုးတက်စေရန် တာဝန်ခံကြောင်း ၎င်းက ပြောကြားသည်။

အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမှုကို ဆက်လက်မြှင့်တင်ပြီး အိမ်နီးချင်းကောင်းပီသစွာ ဆက်ဆံမှုကို တည်ဆောက်သွားမည်ဖြစ်ကြောင်း ဂူက ပြောကြားသည်။

အခွင့်အလမ်းကောင်း

တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးမှုသည် အိမ်နီးချင်းများ၊ အာရှ၏အခြားဒေသများ သို့မဟုတ် ကမ္ဘာကို မခြိမ်းခြောက်ဘဲ အခြားနိုင်ငံများကို အခွင့်အလမ်းကောင်းများပေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

နိုင်ငံတကာ သတင်းများ

ဝမ်းဗိုက်နှင့်တင်ပါးဆုံရိုးဆက် အမြွှာညီအစ်မ စင်ကာပူဆရာဝန်များ အောင်မြင်စွာခွဲစိတ်နိုင်ခဲ့

စင်ကာပူ မေ ၂၂

ဝမ်းဗိုက်နှင့်တင်ပါးဆုံရိုးများတွင် ဆက်နေခဲ့ကြသော အင်ဒိုနီးရှားအမြွှာညီအစ်မအား တသီးတခြားစီဖြစ်အောင် စင်ကာပူနိုင်ငံ ဂလင်အီးဂဲလ်ဆေးရုံ၌ ခွဲစိတ်ကုသမှုသည် မေ ၂၁ ရက်နေ့ညနေပိုင်းက အောင်မြင်စွာပြီးဆုံးသွားခဲ့သည်။

၁၅ လသားအရွယ်အမြွှာမိန်းကလေးနှစ်ဦးအား ဆရာဝန်၁၅ဦးသည် ၁၀ နာရီ ကျော်ကြာမျှ ခွဲစိတ်ကုသပေးခဲ့ကြရသည်။ ခွဲစိတ်မှုကို နံနက် ၈ နာရီ၌ စတင်ခဲ့ခြင်းဖြစ်သည်။

သီးခြားအိပ်နိုင်

ခွဲစိတ်မှု အောင်မြင်စွာ ပြီးဆုံးကြောင်း ခွဲစိတ်မှုအပြီး ဆေးရုံ၌ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင်ဆရာဝန်များက ကြေညာသည်။ မိန်းကလေးများသည် စိုးရိမ်ရသည့်အခြေအနေ၌ ရှိနေဆဲဖြစ်၍ အရေးပေါ်ကုသခန်း၌ ထားရှိပေးထားကြောင်း ဆရာဝန်များက ပြောကြားသည်။ အမြွှာမိန်းကလေးများ၏ မိဘများက ၎င်းတို့ ပျော်ရွှင်ဝမ်းမြောက်ကြောင်း၊ ညီအစ်မသည် ယခုအခါ ခုတင်နှစ်လုံးဖြင့်သီးခြားအိပ်နိုင်ကြပြီဖြစ်ကြောင်း၊ လွတ်လပ်စွာနေထိုင်နိုင်ကြပြီ ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

စမ်းသပ်စစ်ဆေးမှု လုပ်ရန်နှင့် အမြွှာညီအစ်မ၏အခြေအနေကိုချင့်ချိန်ရန်အတွက် မိသားစုသည် စင်ကာပူနိုင်ငံတွင် ဖေဖော်ဝါရီလအတွင်းက ရောက်ရှိခဲ့ကြသည်။

ယခုအမြွှာညီအစ်မအား စင်ကာပူနိုင်ငံ၌ ခွဲစိတ်ခြင်းသည် စတုတ္ထမြောက် ခွဲစိတ်ခြင်းဖြစ်သည်။ စင်ကာပူဆရာဝန်များသည် ခေါင်းချင်းဆက်နေသော နီပေါမှ ၁၁ လအရွယ်အမြွှာမိန်းကလေးများကို ၂၀၀၁ ခုနှစ်ဧပြီလထဲ၌ လေးရက်ကြာ အောင်မြင်စွာ ခွဲစိတ်ကုသပေးခဲ့သည်။ ထိုသို့ ဆိုသော်လည်း ခေါင်းချင်းဆက် အီရန်အမြွှာညီအစ်မသည် နီပေါ အမြွှာညီအစ်မကဲ့သို့ ကံမကောင်းကြဘဲ သေဆုံးခဲ့ကြရသည်။ နှစ်ပတ်အကြာ၌ တောင်ကိုရီးယားမှ လေးလသားအရွယ် ကျောအောက်ပိုင်းဆက် အမြွှာညီအစ်မအားခွဲစိတ်မှုမှာ အောင်မြင်မှုရရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ဗီယက်နမ်နိုင်ငံ၌ ကော်ဖီဈေးနှုန်းများ အမြင့်ဆုံးသို့ရောက်ရှိ

ဟန္နိုင်း မေ ၂၁

ဗီယက်နမ်နိုင်ငံတွင် ကော်ဖီဈေးနှုန်းများသည် လွန်ခဲ့သည့် ငါးနှစ်အတွင်း၌ အမြင့်ဆုံး အဆင့်အထိ ရောက်ရှိခဲ့သည်ဟု ဗီယက်နမ်ကော်ဖီနှင့် ကိုကိုးအသင်း (ဗီကိုဖာ)က မေ ၁၉ ရက် ကြာသပတေးနေ့၌ ပြောကြားသည်။

အင်္ဂါနေ့၌တောင်သူလယ်သမားများထံမှ ဝယ်ဈေးမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ၉၅၀မှ၉၈၅ ဒသမ ၆ ဒေါ်လာဖြစ်ခဲ့ပြီး လက်ကားဈေးကွက်၌ ဒေါ်လာ ၁၀၂၇ ဖြစ်သည်။ ကော်ဖီ အရောင်းအဝယ် ကြမ်းခင်းဈေးမှာတစ်တန်လျှင် ဒေါ်လာ၁၀၅၈မှ ၁၀၉၀ ထိရှိခဲ့သည်။

ထိုအတောအတွင်းကမ္ဘာလုံးဆိုင်ရာ ကြိုရောင်းကော်ဖီဈေးနှုန်းများသည် နယူးယောက်ဈေးကွက်၌ အင်္ဂါနေ့က ထိုးကျခဲ့ရာဇူလိုင်လအတွက် ကြိုရောင်းကော်ဖီဈေးနှုန်းသည် တစ်တန်လျှင် ဒေါ်လာ ၁၁၁၃ ဒေါ်လာ၌ ရှိသည်။ ယခင်နေ့ဈေးပိတ်ချိန်ထက် ၂၁ ဒေါ်လာ လျော့ကျခဲ့သည်ဟုဆိုသည်။

အကယ်၍ ပြည်တွင်း ကော်ဖီဈေးနှုန်းများ ဆက်လက်မြင့်တက်လျှင် ကော်ဖီကိုတင်သွင်းသွားရန် ဗီယက်နမ်ကော်ဖီကုန်သည် အချို့က စီစဉ်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ

မိဘများနှင့်အတူ

စင်ကာပူနိုင်ငံ ဂလင်အီးဂဲလ်ဆေးရုံတွင် အောင်မြင်စွာ ခွဲစိတ်ကုသပြီးနောက် အမြွှာညီအစ်မ တစ်ဦးဖြစ်သူ အင်န်ဂျီလီအား မိဘများနှင့်အတူ မေ ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရုရှားနှင့်နော်ဝေ ရေနံ၊ သဘာဝဓာတ်ငွေ့ပူးတွဲထုတ်လုပ်မည်

မော်စကို မေ ၂၀

ဘာရင့်စ်ပင်လယ်ရေတိမ်ပိုင်းတွင် သဘာဝဓာတ်ငွေ့နှင့်ရေနံများ ပူးတွဲရှာဖွေရန် ရေနံကြွယ်ဝသော ရုရှားနှင့် နော်ဝေနိုင်ငံတို့ အတူတကွ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း ရုရှားသတင်းဌာနများက မေ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ဘာရင့်စ်ပင်လယ်တွင် သဘာဝဓာတ်ငွေ့နှင့် ရေနံများကို ပူးတွဲရှာဖွေရေးအတွက် နော်ဝေနိုင်ငံ၏စွမ်းအင်ဆိုင်ရာ အရာရှိများနှင့်ရုရှားနိုင်ငံ စက်မှုနှင့် စွမ်းအင်ဝန်ကြီး ဗိုက်တာဘိုရီဆိုဗက်ခရီစတင်ကိုတို့ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း အင်တာတာ့စ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့များ နှစ်နိုင်ငံ ပူးတွဲရှာဖွေထုတ်လုပ်ရာတွင် ရုရှားနိုင်ငံက ၅၀ ရာခိုင်နှုန်းခန့် ပိုင်ဆိုင်ရရှိမည်ဖြစ်ကြောင်းလည်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်သည်။

နော်ဝေနိုင်ငံသည် ဆော်ဒီအာရေဗျနှင့် ရုရှားနိုင်ငံတို့ ပြီးလျှင် ကမ္ဘာပေါ်တွင် တတိယမြောက် ရေနံတင်ပို့မှု အကြီးမားဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

အာဆီယံရဲတပ်ဖွဲ့ အကြီးအကဲများကွန်ဖရင့် အင်ဒိုနီးရှားနိုင်ငံတွင် ဖွင့်လှစ်

ဘာလီ(အင်ဒိုနီးရှား) မေ ၂၀

အာဆီယံရဲတပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် (၂၅)ကြိမ်မြောက် အာဆီယံရဲတပ်ဖွဲ့အကြီးအကဲများ ကွန်ဖရင့်ကို မေ ၁၇ ရက်က အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါကွန်ဖရင့်သို့ အင်ဒိုနီးရှားသမ္မတ ဆူဆီလို ဘန်ဘန်းယူဒိုယိုနို တက်ရောက်ကာ ဒေသဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ရေးနှင့် အာဆီယံရဲဌာနများအကြား ဥပဒေထိန်းချုပ်မှု ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် အဆိုပါကွန်ဖရင့်ကို ချီးကျူးစကား ပြောကြားခဲ့သည်။ ယင်းကွန်ဖရင့်သို့ ပါဝင်လေ့လာ တက်ရောက်သူများကိုလည်း အထူးကျေးဇူးတင်ကြောင်း ၎င်းက ထုတ်ဖော်ပြောကြားသည်။

ဆွေးနွေးမည်

သုံးရက်ကြာ ကျင်းပသည့် အဆိုပါ ကွန်ဖရင့်တွင် မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှု၊လက်နက်မှောင်ခိုမှု၊ လူကုန်ကူးမှု၊ အကြမ်းဖက်မှု၊ ပင်လယ်ဓားပြမှု စသော အကြောင်းအရာများ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

တက်ရောက်

ယင်းကွန်ဖရင့်သို့ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် အရှေ့တီမောတို့မှ ရဲတပ်ဖွဲ့ဝင်အကြီးအကဲများလည်း လေ့လာသူအဖြစ် တက်ရောက်ကြသည်။

အဆိုပါကွန်ဖရင့်ကို ၁၉၈၁ ခုနှစ်က အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ရဲဌာနများအကြား သတင်းဖလှယ်ရေးနှင့် ဥပဒေထိန်းချုပ်မှု ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် ထူထောင်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ဒဗလျူအမ်ဒီ မပိုင်ဆိုင်ခဲ့ကြောင်း ဆုံးဖြတ်ချက်ကို စပိန်ပါလီမန်အတည်ပြု

မဒရစ် မေ ၂၁

အီရတ်နိုင်ငံသည် အဖျက်စွမ်းအားကြီးမားသော လက်နက်များ (ဒဗလျူအမ်ဒီ)ပိုင်ဆိုင်နိုင်စွမ်း မရှိကြောင်း ဆုံးဖြတ်ချက်ကို စပိန်ပါလီမန် နိုင်ငံခြားရေးရာကော်မရှင်က မေ ၁၈ ရက်နေ့၌ အတည်ပြုလိုက်သည်။

ဖော်ပြထား

အမေရိကန်ပြည်ထောင်စုကစစ်ပွဲစတင်ချိန်၌ အီရတ်နိုင်ငံအနေဖြင့် ထိုလက်နက်များမပိုင်ဆိုင်သလို ပိုင်ဆိုင်နိုင်သည့် အခြေအနေလည်း မရှိကြောင်း ဆုံးဖြတ်ချက်၌ ဖော်ပြထားသည်။

ယင်းဆုံးဖြတ်ချက်ကို ထောက်ခံမဲ ၂၃ မဲ၊ ဆန့်ကျင်မဲ ၁၅ မဲဖြင့် အတည်ပြုခဲ့ခြင်းဖြစ်သည်။ ၂၀၀၃ ခုနှစ်၌ အီရတ်ကို အမေရိကန်တိုက်ခိုက်ခြင်းအားထောက်ခံခဲ့သော အတိုက်အခံပါတီဖြစ်သည့် ယခင် အာဏာရ ပေါ်ပြူလာပါတီ အဖွဲ့ဝင်အားလုံးက ဆုံးဖြတ်ချက်ကို ဆန့်ကျင်မဲပေးခဲ့ကြသည်။

တင်းမာခဲ့

မဒရစ်နှင့် ဝါရှင်တန်ဆက်ဆံရေးသည် ဝန်ကြီးချုပ် ဂျို့စ်လူဝစ်ဇာပါတီ၊ ရိုက်ပါတီ မတ်လအထွေထွေရွေးကောက်ပွဲ၌ အနိုင်ရခဲ့ပြီးနောက် စပိန်တပ်ဖွဲ့ဝင် ၁၃၀၀ ကို အီရတ်မှရုပ်သိမ်းခဲ့သည့်အခါ တင်းမာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်မြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးအား အမေရိကန်တပ်ဖွဲ့ဝင်များက စစ်ဆေးနေသည်ကို မေ ၂၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တောင်သာစွပ်ကျယ်စက်ရုံစီမံကိန်းအကောင်အထည်ဖော်ရေးစာချုပ် စွပ်ကျယ်၊ တီရှပ်နှင့် စပို့ရှပ်များထုတ်လုပ်မည်

ရန်ကုန် မေ ၂၂

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Worldbest Group Co., Ltd. (China) တို့၏ မန္တလေးတိုင်း တောင်သာစွပ်ကျယ်စက်ရုံ စီမံကိန်းအကောင်အထည်ဖော်ရေးအတွက် စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားကို ယမန်နေ့ညနေ ၆ နာရီက Traders Hotelရှိ မြန်မာ Ballroom ၌ ကျင်းပသည်။

အခမ်းအနားသို့ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း၊ ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးကောင်စစ်ဝန် Mr. Tang Haiႏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Worldbest Group Co., Ltd.(China) မှ Chief Executive Officer Mr. Cheng Zhenghao ၊ Representative of President Mr. Jiang Chengxunႏ General Manager Mr. Hu Wanshun နှင့်အဖွဲ့ဝင်များ၊ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

ရှေးဦးစွာ မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Worldbest Group Co., Ltd. (China) မှ Chief Executive Officer တို့က စာချုပ်အသီးသီးတွင် လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က တောင်သာစွပ်ကျယ်စက်ရုံ စီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်များသည် တောင်သာစွပ်ကျယ်စက်ရုံမှ ထုတ်လုပ်မည့် နမူနာပြသထားသော စွပ်ကျယ်များ၊ တီရှပ်များနှင့် စပို့ရှပ်များကို ကြည့်ရှုစစ်ဆေးကြသည်။

ထုတ်လုပ်မည်

တောင်သာစွပ်ကျယ်စက်ရုံ စီမံကိန်းကို မန္တလေးတိုင်း တောင်သာမြို့နယ် တောင်သာမှ မြင်းခြံသို့သွားသည့် ကားလမ်းဘေး သဖန်းပင်တောကွင်းနှင့် မြောက်ရွာကွင်းနေရာ မြေဧက ၆၁ ဒသမ ၁၉ ဧက၌ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည်။ ယင်းစက်ရုံမှ စွပ်ကျယ်များ၊ တီရှပ်များနှင့် စပို့ရှပ်များကို ထုတ်လုပ်သွားမည်ဖြစ်ပြီး စက်ရုံပြီးစီးပါက ထုတ်လုပ်နိုင်မှုစွမ်းအားမှာ တစ်နှစ်လျှင် အထည် ၁ ဒသမ ၉၈၀ သန်း ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Worldbest Group Co., Ltd. တို့၏ မန္တလေးတိုင်း တောင်သာစွပ်ကျယ်စက်ရုံ စီမံကိန်းအတွက် စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားတွင် မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Worldbest Group Co., Ltd. ၏ အမှုဆောင်အရာရှိချုပ် Mr. Cheng Zhenghao တို့ စာချုပ်တွင် လက်မှတ်ရေးထိုးကြပြီး လဲလှယ်ကြစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၅-၂၀၀၅ (တနင်္လာနေ့)

၇:၀၀	MRTV-4ႏအဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	တေးဂီတအစီအစဉ်
၇:၁၀	ဂီတဆည်းဆာတေးသံသာ
၇:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၇:၅၅	ချည်မျှင်ရှည်ဝါအထွက်တိုးနည်းပညာ
၈:၀၅	တေးဂီတအစီအစဉ်
၈:၁၀	ရှုချင်စရာ မျက်လှည့်ပဒေသာ
၈:၂၅	ပြည်တွင်းသတင်းအကျဉ်း
၈:၃၀	တေးဂီတအစီအစဉ်
၈:၃၅	မြန်မာ့သဘော်ကျင်းလုပ်ငန်း
၈:၄၅	မိုးလေဝသခန့်မှန်းချက်
၈:၅၀	တေးဂီတအစီအစဉ်
၈:၅၅	Boxing Preview
၉:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၄၀	တေးဂီတအစီအစဉ်
၉:၄၅	သွေးတိုးရောဂါနှင့် တိုင်းရင်းဆေးနည်းပညာ
၉:၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၀၀	မေ့ထားလို့တော့မဖြစ်ဘူး (ဇာတ်လမ်းတို)
၁၀:၂၅	တေးဂီတအစီအစဉ်
၁၀:၃၀	Learning English(Cars)
၁၀:၄၀	တေးဂီတအစီအစဉ်
၁၀:၄၅	အခြေခံဘော်လီဘောကစားနည်း နည်းစနစ်များ
၁၁:၀၀	MRTV-4ႏအပိတ် Logo

အထက်ပါလေးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဦးသိန်းစိန် အမျိုးသားရေးမူဝါဒ အောင်မြင်မှုများဟောပြောပို့ချ

ရန်ကုန် မေ ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်သော စည်းရုံးရေးသင်တန်း သင်တန်းသား ၁၀၀ကျော်အား အမျိုးသားရေးမူဝါဒနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်မှုများနှင့် စပ်လျဉ်း၍ အကျယ်တဝင့်ဟောပြော ပို့ချသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် ခေါင်းဆောင်သောအဖွဲ့ ပြန်ရောက်ရှိ အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိများအစည်းအဝေးတက်ရောက်ခဲ့

ရန်ကုန် မေ ၂၂

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ၂၀၀၅ ခုနှစ် မေ ၁၉ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့သည့် (၁၉)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးအဆင့်မြင့်အရာရှိများ၏ အစည်းအဝေးသို့ တက်ရောက်ခဲ့သော ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် ဌာနအကြီးအကဲများ၊ ကိုယ်စားလှယ်အဖွဲ့၏ မိသားစုဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အဖွင့်အမှာစကားပြော

(၁၉)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိများ အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပို့ဆောင်ရေး အဆင့်မြင့်အရာရှိများ ဦးဆောင်သော အဖွဲ့ဝင်ပေါင်း ၅၂ဦး၊ အာဆီယံ အတွင်းရေးမှူးရုံးနှင့် ဂျပန်အာဆီယံရုံးတို့မှ ငါးဦး အပါအဝင် စုစုပေါင်း ၅၇ ဦး တက်ရောက်ခဲ့ကြပြီး ဖွင့်ပွဲတွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး Mr. Sommad Pholsena က အဖွင့်အမှာစကား ပြောကြားသည်။

လွှဲပြောင်းပေး

ထို့နောက် အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိများ အစည်းအဝေး၏ လက်ရှိသဘာပတိဖြစ်သော ကမ္ဘောဒီးယားနိုင်ငံ ပြည်သူ့လုပ်ငန်းဌာနမှ ညွှန်ကြားရေးမှူးချုပ် Mr. Chhin Kong Hean က အဖွင့်အမှာစကားပြောကြားပြီး သဘာပတိအသစ်ဖြစ်သော လာအိုနိုင်ငံ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန စီမံကိန်းနှင့် ပူးပေါင်းဆောင်ရွက်ရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် Mr.Math Soumala အား သဘာပတိတာဝန်ကို လွှဲပြောင်းပေးပြီး အစည်းအဝေးကို ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် အာဆီယံဒေသတွင်း နယ်စပ်ဖြတ်ကျော် လမ်းများနှင့် အထောက်အကူပြုလုပ်ငန်းများ သတ်မှတ်ခြင်း၊ စာချုပ်ငယ်(၁)ကို အပြီးသတ်ဆွေးနွေးခြင်း၊ အာဆီယံဘက်စုံပို့ဆောင်ရေးမူဘောင် သဘောတူညီချက်ကို အပြီးသတ် ဆွေးနွေးခြင်း၊ ဦးစားပေးကဏ္ဍ ၁၁ ခုတွင် တစ်ခုအပါအဝင်ဖြစ်သည့် Air Travel Sector ၏ တိုးတက်မှုအခြေအနေကို ဆွေးနွေးခြင်း၊ ရေကြောင်း၊ လေကြောင်း၊ ကုန်းလမ်းနှင့် ပို့ဆောင်ရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့များ၏ အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ စတုတ္ထအသုတ် လေကြောင်း၊ ရေကြောင်း ပို့ဆောင်ရေး ဝန်ဆောင်မှုကဏ္ဍဆိုင်ရာ စေ့စပ်ညှိနှိုင်းခြင်းကိစ္စကို ဆွေးနွေးခြင်း၊ အာဆီယံပို့ဆောင်ရေး၊ ဘေးအန္တရာယ် ကင်းရှင်းမှု၊ ပူးပေါင်းဆောင်ရွက်ရေးကို ဆွေးနွေးခြင်း၊ အာဆီယံနှင့် ဂျပန်၊ တရုတ်၊ အိန္ဒိယနိုင်ငံများ၏ ပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးခြင်းစသည့် အပြန်အလှန် ညှိနှိုင်းသဘောတူညီမှုများ ရရှိခဲ့ကြသည်။

ပြန်လည်လိုက်ပါ

အဆိုပါ အစည်းအဝေးသို့ ဒုတိယဝန်ကြီးနှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးလှသောင်းမြင့်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်တို့လည်း ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများဖြစ်ပေါ်နေ

ရန်ကုန် မေ ၂၂

လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်တွင် နေရာအနှံ့အပြား၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်း၌ နေရာကွက်၍မိုးကြီးခဲ့ကာ ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပဲခူးမြို့တွင် ၁ ဒသမ ၈၅ လက်မနှင့် မိတ္ထီလာမြို့၌ ၁ ဒသမ ၇၇ လက်မတို့ဖြစ်ကြသည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းတွင် ဖြစ်မြဲအောက် ၄ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ ဖြစ်မြဲထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဖြစ်မြဲထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ ဧရာဝတီတိုင်း၌ ဖြစ်မြဲထက် ၁၀ ဒီဂရီစင်တီဂရိတ် ပိုခဲ့ကာ ကျန်ဒေသများတွင် ဖြစ်မြဲခန့်သာရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ မင်းဘူးမြို့နှင့် မကွေးမြို့တို့၌ ၄၂ ဒီဂရီစင်တီဂရိတ်တို့စီဖြစ်ကြသည်။

မုတ်သုံလေအားပျော့

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားပျော့နေသည်။ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၌ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ရွာရန်ရာနှုန်း ၆၀

မေ ၂၃ ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်း ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာကွက်ကျား၊ မွန် ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာ ကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အောက်ပိုင်း ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နေမည်။

မြန်မာ့ရုပ်မြင်သံကြား

၂၃-၅-၂၀၀၅

(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံ၏ ပရိတ်တရားတော်
၇:၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၀၀	၇။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၁၀	၈။	အဆိုပြိုင်ပွဲ
၈:၂၀	၉။	ဖောင်းကတောရေလျှောင်တမံ
၈:၃၀	၁၀။	International News
၈:၄၅	၁၁။	Grammar Made Easy
၉:၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice in Reading
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)
၁၇:၁၅	၆။	အကပဒေသာ
၁၇:၃၀	၇။	မြန်မာ့ရိုးရာ တောခလေ့ကျေးလက်တေးသံသာ
၁၇:၄၀	၈။	မြန်မာစာ မြန်မာစကား
၁၇:၅၀	၉။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၈:၀၅	၁၀။	Discovery
၁၈:၁၀	၁၁။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဂူခုန်း"** (အပိုင်း-၉၅)
၁၈:၃၀	၁၂။	ညနေခင်းသတင်း
၁၉:၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၄။	တေးဂီတအစီအစဉ်
၁၉:၂၀	၁၅။	စက်မှုစွမ်းအား ခေတ်ကျော်လွှား
၁၉:၃၅	၁၆။	တေးဂီတအစီအစဉ်
၂၀:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ဟောမန်ဆောင်း၏ ချစ်သံစဉ်"** (အပိုင်း-၁၉)
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

အိန္ဒိယသတင်းဆက်သွယ်ရေးကိုယ်စားလှယ်အဖွဲ့ရောက်ရှိ

ရန်ကုန် မေ ၂၂

အာဆီယံ-အိန္ဒိယ သတင်းဆက်သွယ်ရေး အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ အိန္ဒိယသမ္မတနိုင်ငံ Doordarshan သတင်းဌာနမှ ညွှန်ကြားရေးမှူး(သတင်း) Smt. Arvind M.Singh ခေါင်းဆောင်သော အိန္ဒိယသတင်းဆက်သွယ်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြရာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် သက်ဆိုင်ရာ၊ဌာနဆိုင်ရာတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ **ကျောဖုံးမှ**

စံတော်မူသော နေ့ထူးနေ့မြတ်ကြီး ဖြစ်သကဲ့သို့ မြတ်ဗုဒ္ဓ၏ သဗ္ဗညုတ ရွှေဉာဏ်တော်ရတော်မူရာ မဟာဗောဓိပင် (ဖွားဖက်တော်) ပေါက်ရောက်တော်မူသော နေ့ထူးနေ့မြတ်ကြီးလည်း ဖြစ်သည်။ ထို့ကြောင့် ယနေ့တွင် ဗုဒ္ဓဘာသာဝင်တို့သည် ဗုဒ္ဓရှင်တော်မြတ်ဘုရားအားရည်စူး၍ ဗုဒ္ဓဝင်ရေးထုံးနှင့်အညီ ဗုဒ္ဓါဘိသေက မင်္ဂလာအနေကဇာတင်ပွဲနှင့် မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်း ပူဇော်ပွဲတို့ကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပကြစမြဲဖြစ်သည်နှင့်အညီ ရန်ကုန်မြို့တော်တစ်ဝန်းလုံး၌ ဗုဒ္ဓအခါတော်နေ့ ကုသိုလ်ပုညဆည်းပူးကြသူ ရဟန်းရှင်လူများဖြင့် အထူးစည်ကား များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ၁၃၆၇ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓအခါတော်နေ့) (၂၂)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရွှေတိဂုံစေတီတော် ရင်ပြင်တော် အင်္ဂါထောင့်ရှိ မဟာဗောဓိ ညောင်ပင်၌ကျင်းပရာ ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ရွှေတိဂုံစေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများကမဟာဗောဓိညောင်ပင်တွင် သီတင်းသုံးတော်မူသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် မဟာဗောဓိ ညောင်ပင်တို့အား ကဆုန်ညောင်ရေ သွန်းလောင်း ပူဇော်ကြသည်။

ထိုအချိန်တွင် ဥပါသကာတစ်ဦးက **ဥဒ္ဒိဿိယဖိနံဗုဒ္ဓံ** အစချီသော ဂါထာတော်ကို ရွတ်ဆိုပူဇော်သည်။ ထို့နောက် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များက ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့်မဟာဗောဓိညောင်ပင်တို့အားညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ညောင်ရေသွန်းလောင်း

ယင်းနောက် ဥပါသကာတစ်ဦးက နတ်ဗြဟ္မာအပေါင်းတို့အား ပင့်ဖိတ်ပြီး မဟာဗောဓိညောင်ပင်၏ အရပ်မျက်နှာ အသီးသီး၌ နေရာယူထားကြသော ဗြဟ္မာ၊ သိကြား၊ နတ်၊ နဂါးနှင့်ဂဠုန်တို့က ဇယောဟိဗုဒ္ဓဿ ဂါထာတော်ကို လည်းကောင်း၊ အရန်ယောဂီများက ဗောဓိညောင်နန်း အစချီသော ရှစ်လုံးဖွဲ့ကဗျာကိုလည်းကောင်း ရွတ်ဆိုကြကာ ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် မဟာဗောဓိညောင်ပင်တို့အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ဆက်လက်၍နတ်ဗြဟ္မာအပေါင်းနှင့် ပရိသတ်တို့က ဇယန္တော ဗောဓိယာမူလေ အစချီသော ဆုတောင်းပတ္ထနာ ခြောက်ဂါထာနှင့် သွန်းကြ၊ သွန်းကြ၊ ရွှန်းပညောင်ရေ အစချီသော ကဗျာတို့ကို ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် ဥပါသကာတစ်ဦးက ပင့်ဖိတ်ထားသော နတ်ဗြဟ္မာအပေါင်းတို့အား ဂါထာပါး၍ ပြန်ပို့ပေးပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဘာသာရေးအသင်းအဖွဲ့များသည် ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် မဟာဗောဓိညောင်ပင်တို့အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ယနေ့သည် ကဆုန်လပြည့် (ဗုဒ္ဓအခါတော်နေ့) ဖြစ်သည့် အားလျော်စွာ ရွှေတိဂုံစေတီတော်၌ ဥပုသ်သီလဆောက်တည်သူများနှင့် ဘုရားဖူးလာသူများဖြင့် နံနက်ပိုင်းမှ ညပိုင်းအထိ အထူးစည်ကား များပြားလျက်ရှိပြီး ဘုရားဖူးလာသူများသည် မဟာဗောဓိညောင်ပင်တွင် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

မဟာဝိဇယစေတီတော်

အလားတူ ရန်ကုန်မြို့ ဓမ္မရက္ခိတကုန်းတော်၌ တည်ထားကိုးကွယ်သော မဟာဝိဇယစေတီတော်၏ ကဆုန်လပြည့်(ဗုဒ္ဓအခါတော်နေ့) (၁၉)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲအခမ်းအနားကို နံနက်၉နာရီတွင် အဆိုပါစေတီတော် အင်္ဂါထောင့်ရှိ မဟာဗောဓိညောင်ပင်၌ ကျင်းပရာ ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ဥပါသကာတစ်ဦးကနတ်ဗြဟ္မာအပေါင်းတို့အား ဂါထာပါး၍ ပင့်ဖိတ်သည်။

ထို့နောက် မဟာဝိဇယစေတီတော်နှင့် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များက မဟာဗောဓိညောင်ပင်၌ သီတင်းသုံးတော်မူသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်များနှင့် ဗောဓိညောင်ပင်တို့အား ညောင်ရေသွန်းလောင်း ပူဇော်ကြရာ ဥပါသကာတစ်ဦးက ဥဒ္ဒိဿိယဖိနံဗုဒ္ဓံ အစချီသော ဂါထာတော်ကို ရွတ်ဆိုပူဇော်သည်။

ယင်းနောက်မဟာဗောဓိညောင်ပင်၏ အရပ်မျက်နှာအသီးသီး၌နေရာယူထားကြသော ဗြဟ္မာ၊ သိကြား၊ နတ်၊ နဂါးနှင့် ဂဠုန်တို့က ဇယောဟိဗုဒ္ဓဿ ဂါထာတော်ကို လည်းကောင်း၊ အရန်ယောဂီများက ဗောဓိညောင်နန်း အစချီသော ရှစ်လုံးဘွဲ့ကဗျာကို လည်းကောင်း ရွတ်ဆိုကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်များနှင့် မဟာဗောဓိညောင်ပင်တို့အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ဆက်လက်၍နတ်ဗြဟ္မာအပေါင်းနှင့် ပရိသတ်တို့က ဇယန္တော ဗောဓိယာမူလေ အစချီသော ဆုတောင်းပတ္ထနာခြောက်ဂါထာနှင့် သွန်းကြ၊ သွန်းကြ၊ ရွှန်းပညောင်ရေ အစချီသော ကဗျာတို့ကို ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် ဥပါသကာ တစ်ဦးက ပင့်ဖိတ်ထားသော နတ်ဗြဟ္မာအပေါင်းတို့အား ဂါထာပါး၍ပြန်ပို့ပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဘာသာရေးအသင်းအဖွဲ့များသည် ဗုဒ္ဓရုပ်ပွားတော်မြတ်များနှင့် မဟာဗောဓိ ညောင်ပင်တို့အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ဆူးလေစေတီတော်

ထို့အတူ ဆူးလေစေတီတော်၏ ၁၃၆၇ခုနှစ် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ယနေ့နံနက်၉နာရီတွင် ဆူးလေစေတီတော်ကျက်သရေဆောင်ခန်းမ၌ကျင်းပရာ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ဆရာတော် အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ဆူးလေစေတီတော်အလှည့်ကျဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး အသင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများနှင့် ဘုရားဖူးပြည်သူများ တက်ရောက်ကြည်ညိုပူဇော်ကြသည်။

ရှေးဦးစွာ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ဆရာတော်အမှူးပြုသော ဆရာတော် သံဃာတော်များက ဗောဓိညောင်ရေသွန်းဂါထာတော်များ ရွတ်ဖတ်ပူဇော်ကြပြီး စေတီတော်ပရိဝုဏ်အတွင်းရှိ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းတော်မူကြသည်။

ထို့နောက် အစီအစဉ်အရ စေတီတော် ကျက်သရေဆောင် ခန်းမ၌ ရေစက်သွန်းချအခမ်းအနားကိုကျင်းပရာ ပရိသတ်များက သိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များက မေတ္တသုတ်အစရှိသော ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များအား ဆူးလေစေတီတော်အလှည့်ကျဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား ပစ္စည်းလေးပါးအလို့ငှာ နဝကမ္မ အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကြပြီး သိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ အနုမောဒနာတရား နာကြားကြကာ ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး မွန်းလွဲ ၁ နာရီတွင် ဆူးလေစေတီတော် ဝန်ထမ်းဝတ်အဖွဲ့က ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။

ဆူးလေစေတီတော် မဟာဗောဓိညောင်ပင်တွင် ယနေ့နံနက်ပိုင်းမှစ၍ ညနေပိုင်းအထိ ညောင်ရေသွန်းလောင်း ပူဇော်ကြသူများဖြင့် စည်ကားလျက်ရှိပြီး စေတီတော် ဂေါပကအဖွဲ့က ဘုရားဖူးပြည်သူများ စိတ်ရွှင်လန်းစွာ ညောင်ရေသွန်းလောင်း ပူဇော်နိုင်ရေးအတွက် နံ့သာညောင်ရေအိုးများစီစဉ်ထားရှိပေးသည်ကို တွေ့ရှိရသည်။

ကျိုက်ဒေးအပ်စေတီ

အလားတူ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီး၏ ကဆုန်လပြည့် (ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်းပွဲတော် ဖွင့်ပွဲ အခမ်းအနားကို ယနေ့(ကဆုန်လပြည့်နေ့) နံနက်၇နာရီခွဲတွင် စေတီတော် ရင်ပြင် တနင်္ဂနွေထောင့်ရှိ နန်းဦးဘုရားကြီးတန်ဆောင်း၌ ကျင်းပရာ ရန်ကုန်တိုင်း ဆိပ်ကမ်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တ သောဘိတ အရှင်သူမြတ်အမှူးပြုသော ပင့်သံဃာတော်အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးဗိုလ်မှူးကြီးအေးဖေနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆုနှင့် ဂေါပကအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့များ တက်ရောက် ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရန်ကုန်တိုင်း ဆိပ်ကမ်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တ သောဘိတအရှင်သူမြတ်ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်အရှင်သူမြတ်များထံမှ မေတ္တာသုတ်တရားတော်များ နာကြားကြပြီး ဘဒ္ဒန္တ သောဘိတအရှင်သူမြတ်ထံမှ ဩဝါဒကထာနာယူကြသည်။

ဆက်လက်၍ တာဝန်ခံအလှည့်ကျဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆုက ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက် ထားသည်။

လှည့်လည်ပူဇော်

ယင်းနောက် သံဃာတော်အရှင်သူမြတ်များ အမှူးပြုသော ဧည့်ပရိသတ်များ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများသည် ကြေးစည်အဖွဲ့၊ သာသနာ့အလံကိုင်အဖွဲ့၊ စည်တော်အဖွဲ့များခြံရံ၍ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီးအား လက်ယာရစ် တစ်ပတ်လှည့်လည်ပူဇော်ကြသည်။

ထို့နောက် ဗောဓိပင်၌ သံဃာတော် အရှင်သူမြတ်တို့က မဟာဗောဓိပင် ဥဒကာသိဥ္စနပါဠိတော်များ ရွတ်ဖတ်ပူဇော်ကြပြီး သံဃာတော်အရှင်သူမြတ်များကြီးမှူး၍ ဗုဒ္ဓဘာသာဝင်သူတော်စင်များက ယနေ့နံနက်ပိုင်းမှ စတင်၍ ညပိုင်းအထိ ပရိဘောဂစေတီဖြစ်သော ဗောဓိပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ကမ္ဘာအေးကုန်းမြေ

သာသနာရေးဝန်ကြီးဌာန (၁၃) ကြိမ်မြောက် ဝန်ထမ်းမိသားစုများ၏ စုပေါင်းညောင်ရေသွန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ကမ္ဘာအေးကုန်းမြေ ပြည်ပသာသနာပြုဌာနခွဲ ပိဋကတ်တိုက် မဟာဗောဓိပင်ရင်းတွင် ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို တက်ရောက်၍ ညောင်ရေသွန်းလောင်းသည်။

ရှေးဦးစွာ သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ဇနီး ဒေါ်မြင့်မြင့်ရီတို့ ဦးဆောင်သော ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်း မိသားစုများက မဟာဗောဓိ ပရိဘောဂစေတီတော်မြတ်ကြီးအား စုပေါင်း၍ ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့



ကဆုန်လပြည့် (ဗုဒ္ဓနေ့)က မဟာဝိဇယစေတီတော် ရင်ပြင်ပေါ်ရှိ မဟာဗောဓိညောင်ပင်၌ (၁၉)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော်ကျင်းပစဉ်။ ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

ကဆုန်လပြည့် (ဗုဒ္ဓနေ့)က ဆူးလေစေတီတော် မဟာဗောဓိညောင်ပင်၌ ဘုရားဖူးပြည်သူများ ကဆုန်ညောင်ရေ သွန်းလောင်းကြစဉ်။ ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

ကဆုန်လပြည့် (ဗုဒ္ဓနေ့)နံနက်ပိုင်းက ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ရင်ပြင်ပေါ်ရှိ မဟာဗောဓိညောင်ပင်၌ ပြည်သူအများ ကဆုန်ညောင်ရေ သွန်းလောင်းကြစဉ်။ ဓာတ်ပုံ–ထွေးကြည် (မြန်မာ့အလင်း)

ညောင်ရေသွန်းလောင်းပူဇော်

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်ရှိ ဗောဓိ ညောင် ပင် အား ညောင် ရေ သွန်း လောင်း ပူဇော်ကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

အလားတူ သီရိမင်္ဂလာကမ္ဘာအေးစေတီ ဂေါပကအဖွဲ့က ကြီးမှူး၍ ညောင်ရေသွန်း မင်္ဂလာအခမ်းအနားကို သီရိမင်္ဂလာကမ္ဘာအေး စေတီတော်ရင်ပြင်အဂ်ါထောင့်ရှိ မဟာဗောဓိပင်၌ ယနေ့နံနက် ၈နာရီတွင် ကျင်းပရာ ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဘုရားကန်တော့ပြီး ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးတင်ဦးက ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ရခြင်းအကြောင်းတင်ပြသည်။

ထို့နောက် ပရိသတ်များက **"ဥဒ္ဒိသိယဖိနံဗုဒ္ဓံ"** စသောဂါထာကို ရွတ်ဆို၍ ညောင်ရေသွန်းလောင်းမည့် ရေတော်အား ဆက်ကပ်သွန်းလောင်းပူဇော်ကြသည်။

ဆက်လက်၍ ထောင့်လေးထောင့်မှ ဗြဟ္မာ၊ နတ်၊ ဂဠုန်၊ နဂါးအဖွဲ့များနှင့် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး အသင်းအဖွဲ့ဝင်များက ဇယန္တော ဗောဓိယာမူလေ စသော ငါးဂါထာဖြင့် ဆုတောင်းပတ္ထနာပြုကြပြီး အမျိုးသမီးဝတ်အသင်းအဖွဲ့များက ဆုတောင်းမေတ္တာပို့ဂါထာများ ရွတ်ဖတ်ပူဇော်ကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကျိုက်ဝိုင်းစေတီ

အလားတူ သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် ကဆုန်လပြည့်(ဗုဒ္ဓနေ့)ညောင်ရေသွန်းပွဲတော် အခမ်းအနားကို ယနေ့ နံနက် ၉နာရီက စေတီတော်ရင်ပြင်ရှိ အာရုံခံတန်ဆောင်း၌ ကျင်းပရာ မရမ်းကုန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အုန်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမြင့်က ကဆုန်လပြည့် (ဗုဒ္ဓနေ့) ညောင်ရေသွန်းပွဲတော် ကျင်းပရသည့် အကြောင်းကို လျှောက်ထားတင်ပြသည်။ ယင်းနောက် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းစေတီတော် ဩဝါဒါစရိယ အောင်ဗိမာန်ကျောင်း ဆရာတော် ဘဒ္ဒန္တအာစရထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး အနုမောဒနာတရားနာယူကြကာ ရေစက်သွန်းချ အမျှဝေကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များ ဦးဆောင်၍ ဂေါပကအဖွဲ့ဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဝတ်အသင်းအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ကြွရောက်လာကြသည့် ပရိသတ်များက စေတီတော်မြတ်ကြီးအား လက်ယာရစ်ပူဇော်ကြပြီး ဇယန္တော ဗောဓိယာမူလေ စသော ငါးဂါထာဖြင့် ဆုတောင်းပတ္ထနာပြုကြကာ ဗောဓိညောင်ပင်ကြီးအား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ရွှေဘုန်းပွင့်စေတီ

ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော် ညောင်ရေသွန်းလောင်းပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် အရုဏ်တက်၌ စေတီတော်ရင်ပြင်၌ ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ရွှေဘုန်းပွင့်စေတီတော် ဩဝါဒါစရိယ ရွှေဘုံသာကျောင်းဆရာတော် ဘဒ္ဒန္တဝါယမ အမှူးပြုသော ဆရာတော် သံဃာတော် အပါး ၅၀ ကြွရောက်တော်မူကြပြီး ရွှေဘုန်းပွင့်စေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်လွင်နှင့် ဂေါပကအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတီတော် ဝေယျာဝစ္စဝတ်အသင်းများနှင့် ဘုရားဖူးပြည်သူများ တက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော် သံဃာတော်များက ရွှေဘုန်းပွင့်စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး စေတီတော်ရင်ပြင်၌ မြတ်စွာဘုရားအား ဆွမ်း၊ မုန့်ဆွမ်း၊ သစ်သီးဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များအမှူးပြု၍ စေတီတော် ပရဝဏ်အတွင်းရှိ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

စည်ကား

ဆက်လက်၍ ရွှေဘုန်းပွင့်စေတီတော်ရှိ ဝေယျာဝစ္စအသင်းအဖွဲ့များ၊ ဝတ်အသင်းများနှင့် ပုဇွန်တောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့က ဘုရားဖူးပြည်သူများ ညောင်ရေသွန်းလောင်း ပူဇော်နိုင်ရန် ညောင်ရေအိုးများကို လုပ်အားဒါနအဖြစ် စီစဉ်ကုသိုလ်ပြုကြပြီး ယနေ့နံနက်ပိုင်းမှ ညပိုင်းအထိ ဒါန သီလ၊ ဘာဝနာကုသိုလ်ပြုသူများ၊ ပရိဘောဂစေတီ မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေတွင် တည်ထားကိုးကွယ်တော်မူသော ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)သတ္တမအကြိမ်ညောင်ရေသွန်းပွဲတော်အခမ်းအနားကို ဂေါပကအဖွဲ့ကကြီးမှူး၍ ယနေ့နံနက် ၉ နာရီတွင် စွယ်တော်မြတ်စေတီတော်တောင်ဘက်ရှိမဟာဗောဓိပင်၌ကျင်းပရာ ဂေါပကအဖွဲ့အတွင်းရေးမှူးဦးမြတ်လှအမှူးပြုသောဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ဝတ်အသင်းများနှင့်ဘာသာရေးအသင်းအဖွဲ့များတက်ရောက်ကြသည်။

ရှေးဦးစွာ သာသနာ့အလံကိုင်အဖွဲ့ကဦးဆောင်၍ စွယ်တော်မြတ်စေတီတော်ကြီးအားရင်ပြင်တော်မှလက်ယာရစ်ပူဇော်ကြပြီး မဟာဗောဓိပင်တွင် သတ်မှတ်ထားသော နေရာများ၌ နေရာယူကြကာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ဖွင့်လှစ်သည်။

ထို့နောက် နတ်ဒေဝါများကို ဖိတ်မန္တကပြုပြီး ဂေါပကအဖွဲ့အတွင်းရေးမှူးဦးမြတ်လှက မဟာဗောဓိပင်အား ညောင်ရေတော် သွန်းရခြင်းအကြောင်းကို ပြောကြားသည်။

ယင်းနောက် မြတ်စွာဘုရားကိုယ်စားထားတော်မူခဲ့သော မဟာဗောဓိပင်(ပရိဘောဂစေတီ)အား ရှိခိုးဝန္ဒနာဆုတောင်းလွှာဖြင့်ပူဇော်ကြပြီး ဂေါပကအဖွဲ့ဝင်လူကြီးများ၊ မိသားစုများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များက ညောင်ရေများ သွန်းလောင်းကြသည်။

ထို့နောက် မဟာဗောဓိပင်၏ အနောက်မျက်နှာအရပ်မှာနေသော နဂါး၊ မြောက်အရပ်မှာနေသော ဂဠုန်၊ တောင်အရပ်မှာနေသောနတ်ဒေဝါများနှင့်အရှေ့အရပ်မှာနေသော ဗြဟ္မာတို့က သက်ဆိုင်ရာဂါထာများကို ရွတ်ဆိုကြပြီး အမျိုးသမီးဝတ်အဖွဲ့က ကဗျာတို့ကိုရွတ်ဆိုကာ ညောင်ရေတော်များ အသီးသီးသွန်းလောင်းကြသည်။



သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့က ကြီးမှူး၍ ကဆုန်ညောင်ရေသွန်းပွဲတော်ကို ကျင်းပရာ ဘာသာရေးအသင်းအဖွဲ့များက ညောင်ရေသွန်းလောင်းကြစဉ်။ (သတင်းစဉ်)

ထို့နောက် အခမ်းအနားသို့တက်ရောက်သူများက ဇယန္တော ဗောဓိယာမူလေစသော ဇယမင်္ဂလာငါးဂါထာကိုရွတ်ဆိုကြပြီး အမျိုးသမီးဝတ်အဖွဲ့က သွန်းကြ၊ သွန်းကြ၊ ရွှန်းပညောင်ရေ ကဗျာသုံးပုဒ်ကို သီဆိုရွတ်ဆိုကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ညောင်ရေသွန်းပွဲတော်အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံ ဗုဒ္ဓဂယာသာသနာပြုအဖွဲ့ချုပ်က ကြီးမှူး၍ (၂၅)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာနာယကကျောင်းတော်နှင့် ဗုဒ္ဓဂယာမဟာဗောဓိပင်တို့၌ ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ

ကဆုန်လပြည့်(ဗုဒ္ဓနေ့) နံနက်ပိုင်းက ပုဇွန်တောင် ရွှေဘုန်းပွင့်စေတီတော် မဟာဗောဓိညောင်ပင်၌ ကဆုန်ညောင်ရေသွန်းပွဲတော် ပြုလုပ်ရာ ပြည်သူအများ ကဆုန်ညောင်ရေသွန်းလောင်းကြစဉ်။
ဓာတ်ပုံ-ထွေးကြည်(မြန်မာ့အလင်း)

အဘိဓဇမဟာရဋ္ဌဂုရု ထားဝယ်ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် နဂါးရုံဘုရားဝင်းအတွင်း၌ စိုက်ပျိုးပူဇော်မည့် မဟာဗောဓိပင်အား ဆရာတော်များက အနေကဇာ တင်တော်မူကြသည်။

ထို့နောက် မြန်မာနိုင်ငံ ဗုဒ္ဓဂယာသာသနာပြုအဖွဲ့ချုပ်နာယကအဖွဲ့ဝင် သီရိသုဓမ္မသီဂီ ဒေါ်တင်တင်ဝေက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး အလှူရှင်များက ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ ကလေးဝဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသထံမှအနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများသည် ဗုဒ္ဓဂယာမဟာဗောဓိပင်သို့ သွားရောက်၍ ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

အလားတူပင် မိုးကောင်းဘုရား၊ ကျိုက္ကဆံစေတီတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ကိုးထပ်ကြီးဘုရား၊ မယ်လမုစေတီနှင့် သဃ်ာန်းကျွန်းမြို့နယ် ကျိုက်ဒေးယျ (ရန်ကုန်)အာနန္ဒာစေတီတော်တို့တွင်လည်း ဂေါပကအဖွဲ့များကကြီးမှူး၍ ဂေါပကဩဝါဒါစရိယဆရာတော်များ ဦးဆောင်ကာ ဘာသာရေးအသင်းအဖွဲ့များ၊ ဝတ်အသင်းများနှင့် ဘုရားဖူးပြည်သူများကလည်း ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် မဟာဗောဓိညောင်ရေသွန်းလောင်းပူဇော်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ထို့အတူ မြို့နယ်အသီးသီးရှိ ရပ်ကွက်၊ လမ်း၊ ဓမ္မာရုံများ၊ ဘုန်းတော်ကြီးကျောင်းများ၌လည်း စုပေါင်းညောင်ရေသွန်းပွဲတော်အခမ်းအနားများ၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲအခမ်းအနားများ၊ ဥပုသ်သီတင်းသီလဆောက်တည်ခြင်း၊ ဒါန သီလ ဘာဝနာကုသိုလ်ပွဲများကို ကျင်းပကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ထူးခြားသည့်နေ့အပူချိန်များ

၂၂-၅-၂၀၀၅

မင်းဘူး

၄၂ ဒီဂရီစင်တီဂရိတ် (၁၀၈ ဒီဂရီဖာရင်ဟိုက်)

မကွေး

၄၂ ဒီဂရီစင်တီဂရိတ် (၁၀၈ ဒီဂရီဖာရင်ဟိုက်)

ရန်ကုန်

၃၅ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၉၆ ဒီဂရီဖာရင်ဟိုက်)

23-5 (07).p65 1 3/24/05, 12:02 PM

ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် အဖွဲ့ဝင်များ ပတ္တမြားမျက်ရှင်ဘုရားအား ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် ဆီမီးတို့ကို ကပ်လှူပူဇော်စဉ်။ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

ရှေ့ဖုံးမှ

ရှေးဦးစွာ အခမ်းအနားအစီအစဉ် ပထမပိုင်း ဆွမ်း၊ ပန်း၊ ရေချမ်း ကပ်လှူခြင်း မင်္ဂလာအခမ်းအနားကို နံနက် ၅နာရီခွဲတွင် ရွှေတိဂုံစေတီတော် အထက်ပစ္စယာရှိ ပတ္တမြားမျက်ရှင်ဘုရား၌ကျင်းပရာ ရွှေတိဂုံစေတီတော် ထာဝရ ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဦးစီးကော်မတီဝင်များ၊ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ တည်ဆောက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဆန်းဆင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံတည်ဆောက်ရေးလုပ်ငန်းကော်မတီဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ပညာရှင်များ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝေလွင်က ရောင်ခြည်တော်ဖွင့်နှင့် ဘုရားပင့်ဂါထာကို ရွတ်ဖတ်ပူဇော်သည်။

ရွတ်ဖတ်ပူဇော်

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပတ္တမြားမျက်ရှင်ဘုရားအား ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် ဆီမီးတို့ကို ကပ်လှူပူဇော်ကြသည်။

ထိုအချိန်တွင် အလှူရှင်များဖြစ်ကြသော မက်စ်မြန်မာကုမ္ပဏီလီမိတက်၊ မောင်ဝိတ်မိသားစု ကုမ္ပဏီလီမိတက်၊ ထူးထရေးဒင်းကုမ္ပဏီလီမိတက်နှင့် ရွှေသံလွင်မိသားစု ကုမ္ပဏီလီမိတက်တို့က အာရုံခံမုခ်ဦး လေးခု၌ ကိန်းဝပ်စံပယ်လျက်ရှိသည့် ဗုဒ္ဓရုပ်ပွားတော်များအား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့ကိုလည်းကောင်း၊ ရွှေတိဂုံစေတီတော် ရင်ပြင်ရှိ ဆီမီးခုံပတ်လည်၌ ဆီမီး ၉၀၀၀၊ သစ်သီး ၉၀၀၀နှင့် ပန်း ၉၀၀၀တို့ကို လည်းကောင်း ဆက်ကပ်လှူဒါန်းကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ရေစက်ချမင်္ဂလာ

ထို့နောက်အခမ်းအနားအစီအစဉ် ဒုတိယပိုင်းဖြစ်သော လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေစင်ရွှေသား၊ ရွှေမျက်ပါးသင်္ကန်းတော်ဆက်ကပ်လှူဒါန်းမှု အောင်မြင်ခြင်း အထိမ်းအမှတ် ဗုဒ္ဓါဘိသေက အနေကဇာတင် ရေစက်ချ မင်္ဂလာအခမ်းအနားကို နံနက် ၆နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်ရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ပင့်သံဃာတော် အရှင်သူမြတ်များ စုစုပေါင်း ၁၀၈ပါး ကြွရောက်တော်မူကြပြီး ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ တည်ဆောက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှ ကော်မတီဝင်များ၊ ဂေါပက အဖွဲ့ဝင်များ၊ ပညာရှင်များ၊ အလှူရှင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော်သံဃာတော် အရှင်သူမြတ်များက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာ တင်တော်မူကြသည်။

ယင်းနောက် ရေစက်ချ မင်္ဂလာ အခမ်းအနားကို ဆက်လက် ကျင်းပရာ ရှေးဦးစွာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သောဘဏထံမှ ပရိသတ်များက နဝင်္ဂသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်သံဃာတော်အရှင်သူမြတ်များက မေတ္တာသုတ်ပရိတ်တော်ကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ထာဝရ ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ရွှေတိဂုံ စေတီတော် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခြင်းနှင့် ရွှေထီးတော် ကြံ့ခိုင်မှု လုပ်ငန်းရပ်များ အောင်မြင်ပြီးမြောက်ကြောင်း ဇေယျမင်္ဂလာ အနုမောဒနာကို ဖတ်ကြားလျှောက်ထားရာတွင် ယနေ့ကျင်းပသည့် ရွှေတိဂုံစေတီတော် ဗုဒ္ဓါဘိသေကအနေကဇာတင် ရေစက်ချမဟာမင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်တော်မူကြကုန်သော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရဆရာတော်များ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၊ တိုင်း၊ မြို့နယ်သံဃနာယကဆရာတော်များအမှူးပြုသည့် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား စုံညီစွာဖူးတွေ့ပူဇော်ရသဖြင့် လွန်စွာဝမ်းသာကြည်နူးမှု ဖြစ်ရပါကြောင်း ဦးစွာပထမ ဂါရဝပြုလျှောက်ထားအပ်ပါကြောင်း။

ဤဘဒ္ဒကမ္ဘာတွင်ပွင့်တော်မူပြီးသော ကကုသန္ဓ မြတ်စွာဘုရား၏ တောင်ဝှေးတော်၊ ကောဏာဂမန မြတ်စွာဘုရား၏ရေစစ်တော်၊ ကဿပ မြတ်စွာဘုရား၏ ရေသနုပ်တော်၊ ဂေါတမမြတ်စွာဘုရား၏ ဆံတော်ဓာတ်မြတ်ကိန်းဝပ်စံပျော်တော်မူသောကြောင့် လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်ဟု ဘွဲ့အမည်တော် ရတော်မူသော ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏အထွတ်အခေါင်ကျက်သရေဆောင် ဖြစ်တော်မူပါကြောင်း။

ဆက်ကပ်လှူဒါန်း

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ပြည်ထောင်စုတိုင်းရင်းသား ဗုဒ္ဓဘာသာဝင်များသာမက ကမ္ဘာအရပ်ရပ်မှ ဗုဒ္ဓဘာသာဝင်များက လေးမြတ်ကော်ရော် ပူဇော်ရှိခိုးရာ သာသနာ့သမိုင်းဝင် စေတီတော်မြတ်ကြီးဖြစ်၍ သက်တော်ထင်ရှား ဗုဒ္ဓမြတ်စွာဘုရားကဲ့သို့ ရည်မှန်းကာ ရှေးယခင် မင်းဘုရင်အဆက်ဆက်ကပင် အစဉ်အမြဲတင့်တယ်ကြည်ညိုဖွယ် ဖူးတွေ့နိုင်အောင် ရွှေစင်ရွှေသား၊ ရွှေသင်္ကန်းတော်များကို ဆက်ကပ်လှူဒါန်းပူဇော်ထားပါကြောင်း။

ထို့နည်းတူစွာပင် နိုင်ငံတော်က ဦးဆောင်ဦးရွက်ပြုကာ လေးဆူဓာတ်ပုံ ရွှေတိဂုံ စေတီတော်မြတ်ကြီးအား ၁၉၉၉ခုနှစ်တွင် ရွှေထီးတော်သစ်တင်လှူပူဇော်ခြင်းနှင့်အတူ လုံးတော်ပြည့်ကြေးပေါင်ကြေးပြားကပ်လှူခြင်း၊ ရွှေသင်္ကန်းတော်များဆက်ကပ်လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ယခု ၂၀၀၅ခုနှစ်တွင် ငါးနှစ်ကျော် ခြောက်နှစ်နီးပါး ကြာမြင့်ခဲ့ပြီဖြစ်၍ သဘာဝရာသီဥတုဒဏ်ကြောင့် ရွှေရောင်များ မှေးမှိန်ပျက်ပြယ်ခြင်း၊ ရွှေပြားအချို့ စုတ်ပြဲကွာကျခြင်းများ ရှိလာပါကြောင်း။

စနစ်တကျဆောင်ရွက်

တပည့်တော်များ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးကော်မတီသည် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများထံ လျှောက်ထား၍လည်းကောင်း၊ နိုင်ငံတော် အကြီးအကဲများထံ တင်ပြ၍လည်းကောင်း လမ်းညွှန်ဩဝါဒများခံယူကာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေသား၊ ရွှေမျက်ပါးသင်္ကန်းတော်များဆက်ကပ်လှူဒါန်းခြင်းနှင့် ရွှေထီးတော်ကြံ့ခိုင်မှုစစ်ဆေးခြင်းလုပ်ငန်းရပ်ကြီးကို ၂၀၀၅ခုနှစ် ဇန်နဝါရီ ၁ရက်မှစတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ၁၉၉၉ ခုနှစ်က ရွှေထီးတော်သစ် တင်လှူပူဇော်ရာ၌ ပါဝင်ဆောင်ရွက်ခဲ့သော ဌာနဆိုင်ရာအသီးသီးမှ ပညာရှင်များ၊ ပြင်ပပုဂ္ဂလိက ကုမ္ပဏီများမှ ပညာရှင်များကို သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက်ကော်မတီများ၊ ဆပ်ကော်မတီများဖွဲ့စည်းတာဝန်ပေးအပ်ပြီး စနစ်တကျဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းတော်ကပ်လှူပူဇော်လုပ်ငန်းရပ်ကြီးကို ဆောင်ရွက်ရာတွင် ရှေးယခင်အစဉ်အလာအရ မိုးရာသီ စက်တင်ဘာလမှစတင် ငြိမ်းစေတီတည်ဆောက်ကာ လုပ်ငန်းများဆောင်ရွက်ပါကြောင်း၊ ယခု ၂၀၀၅ ခုနှစ်တွင် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ပြီးသော ၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှသာစတင်၍ ကျွမ်းကျင်သူပညာရှင်များစွာတို့ဖြင့် အင်တိုက်အားတိုက် တက်ညီလက်ညီ ဆောင်ရွက်ခဲ့သည့်အပြင် ကျန်းမာရေးအတွက် ဆေးအကာအကွယ်အဖွဲ့များ၊ လုံခြုံရေးနှင့် မီးဘေးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများကိုပါ စနစ်တကျစီစဉ်ကာ စနစ်တကျစီမံဆောင်ရွက်ခဲ့၍ အခက်အခဲ တစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိဘဲ အချိန်တိုကာလအတွင်း အောင်မြင်စွာ ပြီးမြောက်ခဲ့ပါကြောင်း။

ဝမ်းမြောက်ဖွယ်တွေ့ရ

ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ရန် စတင်ပြင်ဆင်သော ၂၀၀၄ ခုနှစ် ဇူလိုင်မှ ဒီဇင်ဘာအထိ ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ရန် အလှူတော်ရငွေမှာ ငွေကျပ်သိန်းပေါင်း ၄၂၀၀ ကျော်ဖြစ်ပြီး ၂၀၀၅ခုနှစ် ဇန်နဝါရီမှ မေအထိ အလှူတော်ရငွေမှာ ငွေကျပ် သိန်းပေါင်း ၁၂၀၀၀ ကျော်ဖြစ်၍ စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၁၆၁၃၇ ကျော် လှူဒါန်းခဲ့ကြကြောင်း ဝမ်းမြောက်ဖွယ်တွေ့ရှိရပါကြောင်း။

အထူးဝမ်းမြောက်ဖွယ်

ထိုမျှသာမက ရွှေစင်၁၀ပိဿာ လှူဒါန်းခြင်း၊ ဒေါ်လာနှစ်သိန်း လှူဒါန်းခြင်း၊ ရွှေစင်တစ်ပိဿာ လှူဒါန်းခြင်း၊ လိုအပ်သောပစ္စည်းများ လှူဒါန်းခြင်းအစရှိသော ထုထည်ပမာဏကြီးမားစွာ လှူဒါန်းသော အလှူရှင်ကြီးများ ပေါ်ပေါက်လာခဲ့သည်ကိုလည်း အထူးဝမ်းမြောက်ဖွယ် တွေ့ရှိရပါကြောင်း။

ရွှေထီးတော်ကြီး၏ ကြံ့ခိုင်မှု အခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက်စစ်ဆေးရာ၌ ပျက်စီးချွတ်ယွင်းမှု တစ်စုံတစ်ရာမရှိဘဲ ပကတိကြံ့ခိုင်တောင့်တင်းမှုရှိကြောင်း တွေ့ရှိရပါကြောင်း၊ သို့ရာတွင် ၁၉၉၉ ခုနှစ် ရွှေထီးတော်သစ်တင်လှူရာ၌ ပစ္စည်းဝယ်ယူရရှိမှု အခက်အခဲကြောင့် Mild Steel(သံရိုးရိုး)ဖြင့် ပြုလုပ်ထားသော ထီးတော်ဆိုင်းကြိုးများအစား ပိုမိုကြံ့ခိုင်တောင့်တင်းမှုရှိစေရန် Stainless Steel (သံမဏိ) ဆိုင်းကြိုးများ ပြောင်းလဲ တပ်ဆင်ခြင်း၊ ထီးထောက်များ၊ အားဖြည့်သံမဏိတန်းများ ဖြည့်စွက် တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထို့ပြင် ပန်းလည်တိုင်တွင် ဗုဒ္ဓရုပ်ပွားတော်သုံးဆူပါ ရွှေကွင်းလေးခု၊ သံမဏိအားဖြည့်ထောက် ရှစ်ခုတွင် ဗုဒ္ဓရုပ်ပွားတော် တစ်ဆူပါ ရွှေကွင်း ၂၄ ခု အပါအဝင် ရတနာပစ္စည်းများစွာကို ဖြည့်စွက် လှူဒါန်းနိုင်ခဲ့ပါကြောင်း။

တိုးချဲ့ကပ်လှူ

ထို့အပြင် ရွှေမျက်ပါးသင်္ကန်းတော် ဆက်ကပ်ခြင်းသည် ငါးနှစ်ကျော် ခြောက်နှစ် ကြာမြင့်သည့်အခါ ရွှေရောင်များ မှေးမှိန်ပျက်ပြယ်ခြင်း၊ ရွှေပြားသင်္ကန်းများ ကပ်လှူခြင်းသည် နှစ်ကာလကြာမြင့်သည့်အခါ ရွှေပြားများ စုတ်ပြဲခြင်းများဖြစ်ပေါ်နိုင်သဖြင့် ရွှေရောင်ရွှေသား ရေရှည်တည်တံ့ခိုင်ခံ့စေရန်၊အများပြည်သူတို့တန်ဖိုးငွေအနည်းငယ်ဖြင့် လှူဒါန်းနိုင်စေရန် ရွှေပါးလွှာများ စမ်းသပ်ပြုလုပ်ပြီး ၁၉၉၉ ခုနှစ်ကပင် စမ်းသပ်ကပ်လှူခဲ့ရာ ယခု ၂၀၀၅ခုနှစ်တွင် ယင်းရွှေပါးလွှာများသည် ရွှေရောင် ရွှေသား ပကတိကောင်းမွန်လျက်ပင် တွေ့ရှိရသောကြောင့်လည်းကောင်း၊ ခေတ်မီနည်းပညာများဖြင့် စမ်းသပ်ချက်အရ ရွှေရောင်ရွှေသားများ ရေရှည်တည်တံ့ခိုင်ခံ့သည်ဟု တွေ့ရှိရသောကြောင့်လည်းကောင်း ယခု ၂၀၀၅ ခုနှစ် ရွှေသင်္ကန်းကပ်လှူရေး လုပ်ငန်းဆောင်ရွက်ရာ၌ ၁၂လက်မပတ်လည် ရွှေပါးလွှာတစ်ချပ်လျှင် ရွှေစင် ၁၂ပဲသားကပ်ပြီး ၁၉၅၀၀၀နှုန်းဖြင့် အလှူခံ၍ စေတီတော်ကြီး၏ ကြေးဝန်းတွင် တိုးချဲ့ကပ်လှူလျက်ရှိပါကြောင်း။

လုံးတော်ပြည့် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခြင်း လုပ်ငန်းကြီးတွင် ၁၂လက်မပတ်လည် ခြောက်ကျပ်သား ရွှေပြား အချပ်၂၅၀၊ သုံးကျပ်သား ရွှေပြား ၃၁၇၁ချပ်၊ အရွယ်စုံရွှေပြား ၂၁၉ချပ် စုစုပေါင်း ၃၆၄၀ ချပ်၊ ရွှေသားအလေးချိန် ၁၁၇ဒသမ၃၁ ပိဿာနှင့် နှစ်လက်မပတ်လည် ရွှေရာဆိုင်းပေါင်း ၃၈၁၆၇ဆိုင်း၊ ၁၂လက်မပတ်လည် ရွှေပါးလွှာ ၇၇ချပ်တို့

မဟာစည်သာသနာ့ရိပ်သာ ကဆုန်ညောင်ရေသွန်း

ရန်ကုန် မေ ၂၂

ဗဟန်းမြို့နယ် သာသနာ့ရိပ်သာ ရိပ်သာရပ်ကွက်ရှိ မဟာစည်သာသနာ့ရိပ်သာ၏ (၃၉)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲကို ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့) ယနေ့နံနက် ၇နာရီက ယင်းရိပ်သာဝင်းအတွင်းရှိ ဗောဓိညောင်ပင်၌ ကျင်းပရာ မဟာစည်သာသနာ့ရိပ်သာ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တ သံဝရနှင့် နာယကဆရာတော်များ၊ ဗုဒ္ဓသာသနနုဂ္ဂဟအဖွဲ့ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဟိတေသီဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အမျိုးသမီးယောဂီစောင့်ရှောက်ရေး ဥက္ကဋ္ဌနှင့်အမှုဆောင်များက ဗောဓိပင်အား ညောင်ရေသွန်းလောင်းကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဆက်ကပ်လှူဒါန်းနိုင်ခဲ့သည့်အတွက် စုစုပေါင်းငွေကျပ်သိန်းပေါင်း ၂၉၀၀၀ ကျော်တန်ဖိုးပမာဏမျှ ဆက်ကပ်လှူဒါန်းနိုင်ခဲ့ပါကြောင်း။

ယခုနှစ် ရွှေတိဂုံစေတီတော်မြတ်ကြီးအားရွှေစင်ရွှေသား၊ ရွှေမျက်ပါးသင်္ကန်းတော်များ ဆက်ကပ်လှူဒါန်းပူဇော်သော အလှူတော်လုပ်ငန်းရပ်ကြီးနှင့်အတူ ရွှေထီးတော်ကြွခိုင်မှုလုပ်ငန်းများ၊ ကိုယ်လုံးတော်ကြွခိုင်မှုသုတေသနလုပ်ငန်းများ၊ ရွှေပါးလွှာသုတေသနလုပ်ငန်းများနှင့် ဗိသုကာ ပုံစံ တိုင်းတာထုတ်လုပ်ရေးလုပ်ငန်းများကိုပါ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

သာဓုအကြိမ်ကြိမ်ခေါ်ဆိုနိုင်

ယခုကဲ့သို့ ကြီးမားကျယ်ပြန့်လှသည့် ကုသိုလ်တော်လုပ်ငန်းကြီး အောင်မြင်ပြီးမြောက်ခဲ့သည်မှာသြဝါဒစရိယဆရာတော်ကြီးများ၏ သြဝါဒပေးမှု၊ နိုင်ငံတော်၏ ဦးဆောင်လမ်းညွှန်မှု၊ ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးကော်မတီ အဆင့်ဆင့်နှင့် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၏ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ အခြားဝန်ကြီးဌာနများနှင့် ပညာရှင်များ၏ပံ့ပိုးမှု၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဂေါပကအဖွဲ့ရုံးဝန်ထမ်းများ စုပေါင်းပါဝင်မှုနှင့် ရဟန်းရှင်လူပြည်သူအပေါင်းတို့၏ စေတနာသဒ္ဓါအလျောက် လှူဒါန်းမှုအစုစုတို့ကြောင့်ပင် ဖြစ်ပါကြောင်း၊ ကုသိုလ်တော်အဝဝကို သာဓုအကြိမ်ကြိမ်ခေါ်ဆိုနိုင်ကြပါစေရန် အနုမောဒနာစာတမ်းလွှာကို ဖတ်ကြားလျှောက်ထားအပ်ပါကြောင်းဖြင့် ဖတ်ကြားလျှောက်ထားသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဦးစီးကော်မတီ ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင်၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော်သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လေးဆူဓာတ်ပုံ ရွှေတိဂုံ စေတီတော်မြတ်ကြီးအား ရွှေစင် ရွှေသား၊ ရွှေမျက်ပါးသင်္ကန်းတော်များ ဆက်ကပ်လှူဒါန်းမှုအောင်မြင်ပြီးမြောက်ကြောင်း ထုတိမင်္ဂလာအောင် သြဘာစာတမ်းကို သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝေလွင်က ဖတ်ကြားလျှောက်ထားသည်။

ရွတ်ဆိုဆုတောင်း

ယင်းနောက် နိုင်ငံတော် သြဝါဒစရိယ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့သြဝါဒါစရိယ ခြောက်ထပ်ကြီးကျောင်း ဘုရားကြီးတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နန္ဒောဘာသထံမှ တက်ရောက်လာကြသူများက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ရေစက်သွန်းချ

ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် အဖွဲ့ဝင်များ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော် မြတ်ကြီး ရွှေစင် ရွှေသား၊ ရွှေမျက်ပါးသင်္ကန်းတော် ဆက်ကပ်လှူဒါန်းမှု အောင်မြင်ခြင်း အထိမ်းအမှတ် ဗုဒ္ဓါဘိသေက အနေကဇာတင် ရေစက်ချမဟာမင်္ဂလာအခမ်းအနားတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။

ဓာတ်ပုံမှတ်တမ်း-
တင်စိုး(မြန်မာ့အလင်း)

လောကချမ်းသာအဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရင်ပြင်တော်ရှိ မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်းပူဇော်

ရန်ကုန် မေ ၂၂

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော် လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရင်ပြင်တော်ရှိ မဟာဗောဓိပင်အား စတုတ္ထအကြိမ် ညောင်ရေသွန်းလောင်းပူဇော်ပွဲကို ယနေ့ ညနေ ၄ နာရီတွင် အဆိုပါစေတီတော်ရင်ပြင်ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံမောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးမျိုးကျော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ မင်းဓမ္မကုန်းတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဝတ်အသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရွတ်ဆိုပူဇော်

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး မင်းဓမ္မကုန်းတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးရှိန်အောင်ဗိုလ်က မဟာဗောဓိပင် ညောင်ရေသွန်းလောင်း ဗုဒ္ဓဘိသေက ဂါထာကို ရွတ်ဆိုပူဇော်သည်။

ညောင်ရေသွန်းလောင်း

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များက မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။ **(ယာပုံ)**

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဝတ်အသင်းအဖွဲ့ဝင်များ၊ ပရိသတ်များက မဟာဗောဓိပင်အား အရပ်လေးမျက်နှာမှနေ၍ ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ထိုအချိန်တွင် ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များ၊ ဂါထာတော်များကို ရွတ်ဆိုပူဇော်ကြသည်။

ရွတ်ဆိုဆုတောင်း

ထို့နောက် အခမ်းအနားမှူး ရန်ကုန်တိုင်း သာသနာရေးဦးစီးမှူး ဦးစံသင်းလှိုင်က အမျှဝေဂါထာတော်ကို ရွတ်ဆိုပူဇော်ပြီး တက်ရောက်လာကြသူများက ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ၏နောက်ဆုံးသီတင်းပတ်

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

ပုဇွန်တောင်မြို့နယ် မဟာစည်သြဝါဒခံ လယ်တီစံ သာသနာ့ ရိပ်သာတွင်ဆောက်လုပ်ဆဲ သုံးထပ်မဂ္ဂင်ကျောင်းကြီးအတွက် ကွယ်လွန်ပြီးခဲ့ကြသော ဖခမည်းတော် ဦးဘာဂီမန်ဆူဘား - မယ်တော် မာယာဆူဘား၊ ညီတော် ဒူဆူဘားတို့အားရည်စူး၍ ဦးခေမိန္ဒနှင့် မိသားစုများက အလှူငွေကျပ်သုံးသိန်းကို မေ ၂၁ရက်က လှူဒါန်း ရာ ရိပ်သာအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းအောင်က လက်ခံရယူစဉ်။ (၃၅၂)

မိုးထစ်ချုန်းရွာနိုင်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နိုင်ငံတော်အကျိုးအတွက် လုပ်ခွင့်ရှိတုန်း အစွမ်းကုန် လုပ်ကြစေလို

မောင်ဘဖေ (ဥဿာ)

ဖြူဖွေး – အဘိုးလေး၊ အဘိုးလေးရှိသလား။

အဘိုးလေး – ဖြူဖွေးတို့ မောင်နှမပါလား၊ လာကြ၊လာကြ။ အလည်လာကြတာလား။

ဖြူဖွေး – ဟုတ်တယ် အဘိုးလေးရေ၊ ကိုကိုခွင့်ရလာလို့ အဘိုးလေးကို လာကန်တော့ကြတာ။

ဘဖေ – နေထိုင်ကောင်းရဲ့လားအဘိုးလေး။ ရန်ကုန်ကအပြန် ခွင့်ရလာတာနဲ့ အဘိုးလေးနဲ့လဲ မတွေ့ရတာကြာလို့ သားတို့ လာကန်တော့ကြတာ။

အဘိုးလေး – အေး–တီဗွီထဲမှာ မင်းတို့စည်ပင်သာယာရေးဦးစီးဌာနက နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးလုပ်တာ တွေ့လိုက်ရတယ်။ အဲဒါ နှစ်စဉ်လုပ်တာပဲလား။

ဘဖေ – ဟုတ်ပါတယ် အဘိုးလေး။ သားတို့ ဝန်ကြီးဌာနက တစ်နှစ်တာ ဆောင်ရွက်ခဲ့တဲ့ စည်ပင်သာယာရေးလုပ်ငန်းတွေ အပေါ်မှာ ပြန်လည်သုံးသပ်ဆွေးနွေးကြပြီး လာမယ့်နှစ်အတွက် ရှေ့လုပ်ငန်းစဉ်တွေ ချမှတ် အကောင်အထည်ဖော်ကြတာပါ။ နှစ်စဉ်လုပ်ပါတယ်။ အခုဆိုရင် (၁၆)ကြိမ်ရှိသွားပါပြီ။

အဘိုးလေး – ကောင်းတယ်ကွ။ ကိုယ်လုပ်ခဲ့တဲ့ လုပ်ငန်းတွေအပေါ် အားနည်းချက်၊ အားသာချက်တွေကို အမှန်အတိုင်း ပြန်လည်သုံးသပ် ဆွေးနွေးကြပြီး နောက်တစ်နှစ်အတွက် ရှေ့လုပ်ရမယ့် ရှေ့လုပ်ငန်းစဉ်တွေ ချမှတ်လုပ်ဆောင်ကြတယ်ဆိုတာ အင်မတန်ကောင်းမွန်တဲ့ လုပ်ရပ်ပဲ။ ဒါမှလဲ အဖွဲ့အစည်းတစ်ခုရဲ့ လုပ်ငန်းတွေ အမြဲရှင်သန်တိုးတက်အောင်မြင်နေမှာပေါ့ကွာ။

ဘဖေ – မှန်ပါတယ်ခင်ဗျာ။ ဒါကြောင့်လဲ သားတို့တာဝန်ယူဆောင်ရွက်နေတဲ့ မြို့ပြ၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းတွေ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက် အောင်မြင်နေတာပေါ့။ အခုဆိုရင် မြို့ပြ ကျေးလက်လမ်းမိုင်ပေါင်း ၃၀၆၅၇ မိုင်ကျော် ဖောက်လုပ်ခဲ့ပြီးပါပြီ။

အဘိုးလေး – ဒါဟာ ဂုဏ်ယူစရာ အောင်မြင်မှုတစ်ရပ်ပဲပေါ့ကွ။ ကောင်းတယ်၊ ကောင်းတယ်။

ဖြူဖွေး – ဒါတင်ဘယ်ကဦးမလဲ အဘိုးလေးရေ။ ကိုကိုတို့ လုပ်နေတဲ့ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ၁၀နှစ် စီမံကိန်းဆိုတာလဲ အရမ်းအောင်မြင်တယ်လို့ ကြားနေရတယ်။ ကိုကိုဆိုရင် သမီးတို့

တိုက်ကြီးမြို့နယ် တော်လတီ – ကလော့ သော့ ကျေးရွာချင်းဆက် ဂဝံလမ်း ကို ဤသို့ တွေ့ရသည်။

မေးလိုက်တိုင်း မတွေ့ရဘူး။ မကွေး၊ မန္တလေးဘက် ကိုချည်း သွားနေတယ်ပြောတာပဲ။

အဘိုးလေး – ဒါလဲကြားဖူးတယ်၊ အပူပိုင်းဒေသကျေးလက်ရေရရှိရေး စီမံကိန်းဆိုလားပဲ၊ အဲဒါ ငါလဲစိတ်ဝင်စားတယ်။ နည်းနည်းလောက် ရှင်းပြပါဦး။

ဘဖေ – ဟုတ်ကဲ့အဘိုးလေး၊ သားရှင်းပြပါမယ်။ မြန်မာနိုင်ငံရဲ့ အပူဆုံး၊ အခြောက်သွေ့ဆုံး ဒေသတွေဖြစ်တဲ့ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းတွေမှာ ရေဘယ်လောက်ရှားပါးတယ်ဆိုတာ အဘိုးလေး အသိပဲလေ။ ရေတစ်ထမ်းတစ်ပိုးရဖို့ လေးမိုင်၊ ငါးမိုင်လောက်ဝေးတဲ့ နေရာမှာ အချိန်ကုန်လူအပင်ပန်းခံပြီး သွားခပ်ရတယ်ဆိုတာ နည်းတဲ့ ဆင်းရဲဒုက္ခမဟုတ်ဘူး။ နိုင်ငံတော်အကြီးအကဲက ဒီဒုက္ခတွေဖြေရှင်းပေးနိုင်ဖို့ သားတို့ နယ်စပ်/စည်ပင်ဝန်ကြီးဌာနကိုတာဝန်ပေးဆောင်ရွက်စေခဲ့ပါတယ်။ တာဝန်ပေးတာမှ အသေးစိတ် လမ်းညွှန်ခဲ့တာ။ အပူပိုင်းဒေသ ကျေးလက်ရေရရှိရေးကို ၁၀နှစ် စီမံကိန်းအဖြစ်ဆောင်ရွက်ဖို့။ ဒီလိုဆောင်ရွက်ရာမှာ ပထမ ဦးစားပေးအဖြစ် မိုးရေမှအပ ရေလုံးဝမရနိုင်တဲ့ ရွာများကို အရင်ဆောင်ရွက်ဖို့၊ ဒုတိယဦးစားပေးအဖြစ် ရေရပေမယ့် တစ်နှစ်ပတ်လုံးအတွက် မလုံလောက်တဲ့ ရွာများမှာ ဆောင်ရွက်ပေးပြီး နောက်ဆုံးအဆင့်အနေနဲ့

ပခုက္ကူမြို့နယ် စည်ပင် သာ ယာ ရေး အ ဖွဲ့ ပေါင် လောင်ကန်ကျေးရွာ စက်ရေတွင်းဖွင့် ပွဲ တွင် ကျေးရွာပြည်သူများ ပျော်ရွှင် စွာ ရေ သယ် ယူ နေ သည်ကို ဤ သို့ တွေ့ ရ သည်။

သန့်ရှင်းတဲ့ သောက်သုံးရေရအောင် ဆောင်ရွက်ပေးဖို့ အသေးစိတ်လမ်းညွှန်ခဲ့တာ။ ငွေကြေးအခက်အခဲ မရှိရအောင်လဲ စည်ပင်သာယာရေးရန်ပုံငွေအပြင် နိုင်ငံတော်ထောက်ပံ့ငွေ၊ပြည်တွင်းပြည်ပအလှူရှင်များလှူဒါန်းငွေများ သုံးစွဲ ဆောင်ရွက်နိုင်ဖို့ပါ စီမံပေးခဲ့တယ်။ အခုဆိုရင် စီမံကိန်းကာလ ငါးနှစ်သာရှိသေးပေမယ့် ဆောင်ရွက်ရတဲ့ ကျေးရွာ ၈၀၄၂ရွာမှာ ၇၁၅၇ရွာဆောင်ရွက်ပြီး ဖြစ်လို့ ၈၉ ရာခိုင်နှုန်းပြီးနေပါပြီ။ တစ်နိုင်ငံလုံးအနေနဲ့ ကျေးရွာပေါင်း ၂၃၂၂၅ ရွာမှာ ၁၄၃၀၉ရွာဆောင်ရွက်ပြီးဖြစ်လို့ ၆၂ရာခိုင်နှုန်း ပြီးနေပါပြီ။

အဘိုးလေး – တယ်အားရစရာ ကောင်းပါလားကွ။ အေးလေ– လူကြီးတွေက အသေးစိတ်လမ်းညွှန်ရုံမက လိုအပ်တာတွေကိုလဲ ဖြည့်ဆည်းစီမံပေးခဲ့တော့ လုပ်ရတဲ့သူတွေ အားရှိပြီး လုပ်ငန်းအောင်မြင်အောင် လုပ်နိုင်တာပေါ့။ ဒါဟာ သမိုင်းတွင်မယ့် မှတ်ကျောက်တစ်ခုပဲကွ။ ကောင်းတယ်၊ ဒါနဲ့နေစမ်းပါဦး ပြီးခဲ့တဲ့ စပါးပေါ်ချိန်လောက်တုန်းက ရွာတောင်ပိုင်းက ငွေစည်တို့ အိမ်ဆောက်တာ မင်းတို့စည်ပင်သာယာရေးအဖွဲ့က သစ်တွေ၊ သွပ်တွေ ရောင်းပေးတယ်ဆို။ ဒီကောင် တစ်သက်လုံး ဝါးတဲအစုတ်လေးနဲ့ နေရာကနေ ပျဉ်ထောင်အိမ်လှလှလေးနဲ့ ဖြစ်သွားတော့ ပြောလို့ကို မဆုံးနိုင်ဘူး၊ ပျော်နေကြတာ။ အဲဒါ ဘယ်လိုစီမံပေးနေကြတာလဲကွ၊ ပြောပြပါဦး။

ဘဖေ – အဲဒါက ကျေးလက်စံပြအိမ်ရာ စီမံကိန်းပေါ့အဘိုးလေး။ ဒါလဲ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက် စီမံကိန်းတစ်ခုပဲ။ ကျေးရွာမှာနေတဲ့ ပြည်သူတွေ သွပ်မိုးပျဉ်ထောင်အိမ်နဲ့နေနိုင်ဖို့ဆိုတာ တော်ရုံ စုမိဆောင်းမိရုံနဲ့ မဖြစ်နိုင်ဘူးမဟုတ်လား။ ဒါ့ကြောင့် ကျေးလက်ဒေသတွေမှာ ဓနိမိုးထရံကာ ဝါးခင်းတဲ့ အိမ်လေးတွေပဲ များနေကြတာ။ ဒါ့ကြောင့် နိုင်ငံတော်အကြီးအကဲက ကျေးလက်နေပြည်သူတွေ လူနေမှုအဆင့် မြင့်မားလာစေဖို့ ငွေကြေးအနည်းငယ်ရှိရုံနဲ့ သပ်ရပ်ကောင်းမွန်တဲ့ အိမ်တစ်လုံးပိုင်ဆိုင်နိုင်ဖို့ တာဝန်ရှိတဲ့ ဝန်ကြီးဌာနတွေ ပူးပေါင်းပြီး ဆောင်ရွက်ပေးတာပါ။ လိုအပ်တဲ့ သစ်၊ သွပ်စတဲ့ အိမ်ဆောက်ပစ္စည်းတွေကို အစိုးရဈေးနှုန်းနဲ့ စီမံပေးတယ်။ အိမ်ပုံစံတွေကို အသင့်စီမံပေးတယ်၊ ပစ္စည်းရရှိရေး အဆင်ပြေအောင်လဲ စည်ပင်သာယာရေးအဖွဲ့တွေက လိုက်လံကူညီ ဆောင်ရွက်ပေးတယ်။ အခုဆိုရင် စမ်းသပ်ဆောင်ရွက်နေတဲ့ တိုင်းခုနစ်တိုင်းမှာ အိမ်၁၆၀၉လုံး ဆောက်လုပ်ပေးပြီးပါပြီ။

အဘိုးလေး – အင်း–တပ်မတော် အစိုးရလက်ထက် ဆောင်ရွက်ခဲ့တဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး အောင်မြင်မှုတွေဟာ အံ့မခန်းပါပဲလားကွာ။ ဒို့လွတ်လပ်ရေးရခဲ့တာ (၅၇)နှစ်

နိုင်ငံတော်အကျိုးအတွက် လုပ်ခွင့်ရှိတုန်း အစွမ်းကုန် လုပ်လိုက်ကြစမ်းပါ၊ တစ်ချိန်ကျရင် ငါ့မြေးတို့ ဒီလုပ်ရပ် အပေါ်မှာ ကျေနပ်မှု တွေ၊ နှစ်သိမ့်မှုတွေရလာပါ လိမ့်မယ်။ ဒါဟာ ဘာနဲ့ မျှ မလဲနိုင်တဲ့၊ တန်ဖိုးမဖြတ်နိုင်တဲ့ ဆုလာဘ်ပဲ ပေါ့ကွာ။

ကျော်ခဲ့ပြီ။ အရင်ကတည်းက အခုလို အရှိန်အဟုန်နဲ့သာ လုပ်ခဲ့ကြမယ်ဆိုရင် ဒို့နိုင်ငံဟာ အခုချိန်မှာ ထိပ်တန်းကို ရောက်နေလောက်ပြီ။ သိပ်နှမြောစရာကောင်းတဲ့အချိန်တွေပဲကွာ။ ဒီမှာငါ့မြေး ငါ့မြေးတို့ အခုကြိုးပမ်းဆောင်ရွက်နေကြတာ ရှေးရှေးက ဘဝအကြောင်းတရားကြောင့် လုပ်ခွင့်ရလို့၊ ဆောင်ရွက်ခွင့်ရလို့ ဆောင်ရွက်နေကြတာမဟုတ်လား။ ဒါ့ကြောင့် ငါ့မြေးတို့ကို အဘိုးတစ်ခုပြောလိုက်မယ်–

“နိုင်ငံတော်အကျိုးအတွက် လုပ်ခွင့်ရှိတုန်း အစွမ်းကုန် လုပ်လိုက်ကြစမ်းပါ၊ တစ်ချိန်ကျရင် ငါ့မြေးတို့ ဒီလုပ်ရပ် အပေါ်မှာ ကျေနပ်မှုတွေ၊ နှစ်သိမ့်မှုတွေ ရလာပါလိမ့်မယ်။ ဒါဟာ ဘာနဲ့မျှမလဲနိုင်တဲ့၊ တန်ဖိုးမဖြတ်နိုင်တဲ့ ဆုလာဘ်ပဲပေါ့ကွာ”

ဘဖေ – ဟုတ်ကဲ့ပါ အဘိုးလေး၊ သားတို့လဲ မှတ်သားဆောင်ရွက်ပါ့မယ်။ အချိန်လဲ အတော်ကြာသွားပြီ။ မြို့အထိ ပြန်ရမှာမို့ အဘိုးလေးကို သားတို့ကန်တော့ပါတယ်။

အဘိုးလေး – အေး–သာဓု–သာဓု–သာဓုပါကွာ။ ။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် တိုင်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကျင်းပ

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့ဝင်များ ၂၀၀၅ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် တိုင်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၂၂

ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၀၅ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် တိုင်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို ယနေ့ နံနက် ၉နာရီတွင် လှိုင်မြို့နယ် ပါရမီလမ်းရှိ ကွန်ပျူတာတက္ကသိုလ်၌ ကျင်းပရာ ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေး ချီးမြှင့်သည်။

တက်ရောက်

ပြိုင်ပွဲသို့ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ချမ်းငြိမ်း၊ အမှတ်(၃) အခြေခံပညာ ဦးစီးဌာန (ရန်ကုန်မြို့တော်)ညွှန်ကြား ရေးမှူးချုပ် ဦးအေးကြူ၊ ကွန်ပျူတာ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ပိုက်တင်၊ ရန်ကုန်တိုင်း မူးယစ်ဆေး ဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာ ကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရဲမှူးကြီး အောင်ဒိုင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌများ၊ မူးယစ်ဗဟိုမှ တာဝန်ရှိသူများ၊ ကွန်ပျူတာ တက္ကသိုလ်မှ အကဲဖြတ်အမှတ်ပေး အဖွဲ့ ပါမောက္ခနှင့် ကထိကဆရာ ဆရာမများ၊ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြ သည်။

ရှင်းလင်းပြသ

ရှေးဦးစွာ ရန်ကုန်တိုင်း မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာ ကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်း သား ကျောင်းသူများ၏ 'မူးယစ်ဆန့် ကျင် အောင်ပွဲဆင်'၊ 'စိတ်ထား ကြံ့ခိုင် ပန်းတိုင်ချီတက် အောင်ပွဲ ဆက်' နှင့် 'မူးယစ်ကင်းစင်အလှ ဆင်' ဟူသည့် ခေါင်းစဉ်များဖြင့် ၂၀၀၅ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ် ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကွန်ပျူတာပန်းချီ ပြိုင်ပွဲဝင်နေမှု အခြေအနေများကို ကြည့်ရှုအားပေးရာ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ချမ်းငြိမ်း၊ ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာပိုက်တင် နှင့် ဌာနမှူး ဦးမြသိန်းတို့က လိုက်လံ ရှင်းလင်းပြသကြသည်။

ထို့နောက် ကွန်ပျူတာ တက္ကသိုလ် အစည်းအဝေးခန်းမ၌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့အား ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် က ကွန်ပျူတာပန်းချီပြိုင်ပွဲနှင့် ပတ်သက်၍ ကျောင်းသား ကျောင်းသူ များ၏ ပြိုင်ပွဲဝင်နေမှု အခြေအနေ များကို အသေးစိတ် ရှင်းလင်းတင်ပြ သည်။

ပါဝင်ယှဉ်ပြိုင်

ယနေ့ကျင်းပသည့် ၂၀၀၅ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်းအဆင့် ကွန်ပျူတာပန်းချီ ပြိုင်ပွဲတွင် ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာကျောင်းများမှ အထက် တန်းအဆင့်ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ၁၁ဦးနှင့် အလယ်တန်း အဆင့် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ၁၈ဦး စုစုပေါင်း ၂၉ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)

မေ ၂၂ရက်က ဒဂုံမြို့သစ် မြောက်ပိုင်း (၃၈)ရပ်ကွက် သာသနာပါလဓမ္မာရုံတွင် ကျင်းပ သော (၁၀)ကြိမ်မြောက် ကဆုန် ညောင်ရေသွန်းပွဲနှင့် (၅)ကြိမ် မြောက် ဘိုးဘွားပူဇော်ပွဲတွင် ရပ်ကွက် ဥက္ကဋ္ဌ ဦးတင်စိုးနှင့် ဓမ္မာရုံဥက္ကဋ္ဌ ဦးအုန်းကျော်တို့က အလှူငွေပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကျန်စစ်မင်းဇာတ်ကား မကြာမီရုံဝင်လာမည် လွှို့ဝှက်သောနှင်းဇာတ်ကားဆက်လက်ပြသလျက်ရှိ

ရန်ကုန် မေ ၂၂

ဇာတ်ညွှန်း မြင့်ဦး‌ဦးမြင့်နှင့် မြမြင့်မိုရ်တို့ရေးသားပြီး သရုပ်ဆောင် ဒါရိုက်တာလူမင်း ပါဝင်ရိုက်ကူးထား သော မြန်မာရာဇဝင် **"ကျန်စစ်မင်း"** ဇာတ်ကား မေ၂၇ရက်တွင် သမ္မတ၊ သွင်၊ မင်္ဂလာအဆင့်မြင့်ရုံနှင့် မန္တလေး မြို့ ဝင်းလိုက်နှင့် မြို့မရုံများတွင် ရုံဝင်လာမည်ဖြစ်သည်။

ကျန်စစ်မင်း

ကျန်စစ်မင်း ဇာတ်ကားတွင် လူမင်း၊မေသန်းနု၊ထက်ထက်မိုးဦး၊ ပန်းဖြူ၊စိုးမြတ်နန္ဒာ၊ လှိုင်ဖြူဖြူထွဏ်း နှင့် ညွှန့်ဝင်းတို့ ခေါင်းဆောင်ပါဝင် ထားသည့်အပြင် အနုပညာရှင်များ စုံလင်စွာ အားဖြည့်တင်ဆက်ထား သော နိုင်ငံတကာအဆင့်မီ ဇာတ်ကား ကြီး ဖြစ်သည်။

လျှို့ဝှက်သောနှင်း

လွင်မိုး၊ လူမင်း၊ ညွှန့်ဝင်း၊ စိုးမြတ်နန္ဒာ၊ နီလာအောင်အောင်နှင့် မြင့်မြင့်ခိုင်တို့ ခေါင်းဆောင်ပါဝင် ထားကာ ရဝမ်၊ လီဆူး၊ ကချင် တိုင်းရင်းသားတို့၏ သဘာဝနှင့် ရှားပါးလှပသော ရေခဲတောင်ရှုခင်း များကို နောက်ခံပြုပြီး ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသည့် **"လျှို့ဝှက်သော နှင်း"** ဇာတ်ကား သမ္မတရုံတွင် တင်ဆက်ပြသလျက်ရှိသည်။

"ကြယ်ကလေးများ"ဇာတ်ကားမှ ရန်အောင်နှင့် မေသန်းနုတို့၏ သရုပ်ဆောင်ဟန်။

အကယ်ဒမီပြိုးချိုကြီး

ဆင်ရဲခြင်းဒဏ်ကို ခါးစည်း ခံရင်း ဘဝရည်မှန်းချက်ပန်းတိုင် ရောက်ကာ အောင်မြင်ကျော်ကြား လာသူများ ဘဝမမေ့ရန် **"အကယ်ဒမီ ပြိုးချိုကြီး"**က သင်ခန်းစာပေးထား သည်။

မိုးဒီ၊ မော့စ်နှင့် ကလေးသရုပ် ဆောင် ဆုမေတို့က အထူးခြားဆုံး၊ အပြောင်မြောက်ဆုံး သရုပ်ဆောင် ထားသည့် ယင်းဇာတ်ကားကို ရွှေဆောင်နှင့် နဝဒေးရုံများတွင်ပြသ လျက်ရှိသည်။

ကြယ်ကလေးများ

ဘရဏီရုပ်ရှင်ထုတ်လုပ်ရေးမှ မင်းမင်း၏ဝတ္ထုကို ကိုယဲဇာတ်ညွှန်း ရေးသားပြီး ဒါရိုက်တာလွင်မင်း ရိုက်ကူးထားသော **'ကြယ်ကလေး များ'** ဇာတ်ကား မေ ၂၇ရက်တွင် ရွှေဂုန်ရုံမြေညီထပ်တွင် ရုံဝင်လာမည် ဖြစ်သည်။ **'ကြယ်ကလေးများ'**တွင် ရန်အောင်၊ ဇာဂနာ၊ မေသန်းနု၊ ပန်းဖြူတို့ ခေါင်းဆောင်ပါဝင်ထားပြီး ကလေးအထူးသရုပ်ဆောင် ကျော်ဇံ ဝေ၊ စောမင်းမော်၊ ဝေလွင်သော်၊ ပိုင်ဖြိုးသု၊ စိုးညီညီသန့်၊ ယွန်းမှုံဖူး၊ သူရအောင်တို့က ဖြူစင်ရိုးသားပြီး တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီတတ် သည့် ကလေးငယ်များ၏ စိတ်ဓာတ် ကို အခြေပြု ရိုက်ကူးထားခြင်း ဖြစ်သည်။

ဒါရိုက်တာ Paul W.S Anderson ရိုက်ကူးသည့် Alien V.S Predator ဇာတ်ကား သွင်ရုံ တွင် တင်ဆက်လျက်ရှိပြီး သရုပ် ဆောင် Nicolas Cage, Harvey Keitel, Jon Boight , Diane Kruger, Sean Bean တို့ ပါဝင် ထားသော National Treasure ဇာတ်ကား မင်္ဂလာအဆင့်မြင့်ရုံတွင် တင်ဆက်ပြသလျက်ရှိသည်။

"လျှို့ဝှက်သောနှင်း"ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

ဒါရိုက်တာ Oliver Stone ရိုက်ကူးသည့် The Legend of Alexanderဇာတ်ကား နေပြည်တော် ရုံတွင် ပြသလျက်ရှိပြီး သရုပ်ဆောင် Bobby Deol', Ashay Khanna, Amisha Patel တို့ ခေါင်းဆောင် ပါဝင်ထားသည့် Humraaz ဇာတ်ကား မေ ၂၇ရက်၌ မြို့မရုံတွင် တင်ဆက်ပြသမည်ဖြစ်သည်။

ဒါရိုက်တာ Frank Oz ရိုက်ကူးပြီး သရုပ်ဆောင် Hal Scardino, Litefoot တို့ပါဝင်ထား သည့် Indian in The Cupboard ဇာတ်ကား မေ၂၇ရက်တွင် ရွှေဂုန်ရုံ အပေါ်ထပ်တွင် ရုံဝင်လာမည်ဖြစ် သည်။ ။ **(မြန်မာ့အလင်း)**

မကြာမီ ရုံဝင်လာမည့် "ကျန်စစ်မင်း"ဇာတ်ကားမှ လူမင်းနှင့် မေသန်းနုတို့၏ သရုပ်ဆောင်ဟန်။

ရုပ်ရှင်သတင်းထောက်

စီမံကိန်းတာဝန်ပေးအပ်ပွဲကျင်းပ

ရန်ကုန် မေ ၂၂

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ၂၀၀၅-၂၀၀၆ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၁၇ရက် နံနက်၁၀နာရီခွဲက တောင်ကြီးမြို့ ပြည်နယ်အစည်းအဝေးခန်းမ၌ကျင်းပသည်။ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ပြည်နယ်၊ ခရိုင်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ နှင့် ခရိုင်စီမံကိန်းဦးစီးမှူးများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရတိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ၂၀၀၄-၂၀၀၅ခုနှစ်အတွင်း စီမံကိန်းလျာထားချက် အကောင်အထည်ဖော်နိုင်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြကြသည်။

ပေးအပ်

ယင်းနောက် တိုင်းမှူးက ၂၀၀၅-၂၀၀၆ခုနှစ် စီမံကိန်း တာဝန်များကို ခရိုင်ဥက္ကဋ္ဌများထံ ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း မြို့တော်သန့်ရှင်းသာယာလှပရေး လမ်းများအဆင့်မြှင့်တင်ခင်းကျင်းမှုစစ်ဆေး

ရန်ကုန် မေ ၂၂

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၁ရက် နံနက်ပိုင်းက ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပစေရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် လမ်းများအဆင့်မြှင့်တင်ခင်းကျင်းခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြား ဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် နံနက် ၆ နာရီခွဲတွင် တာမွေမြို့နယ် ဗညားဒလလမ်းမကြီး ပေါ်ရှိ နား၊နှာခေါင်း၊လည်ချောင်း အထူးကုဆေးရုံကြီး ရှေ့သို့ရောက်ရှိလာပြီး ဗညားဒလလမ်းကို စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာ ဆက်လက်ခင်းကျင်းလျက်ရှိသည့် အခြေအနေကို လည်းကောင်း၊ ရန်ကင်းမြို့နယ်နှင့် တာမွေမြို့နယ်အစပ်ရှိ မိုးကောင်းလမ်းကိုဖြတ်၍ စီးဆင်းလျက်ရှိသည့် ခုနစ်ပင်လိမ်ချောင်းအတွင်းရေစီးရေလာကောင်းမွန်စေရေးအတွက် အမှိုက်၊ ရွှံ့နှင့် နုန်းများဆယ်ယူရှင်းလင်းခြင်း**(အပေါ်ပုံ)**နှင့် မိုးကောင်းလမ်းနှင့် ပြည်သာယာ လမ်းထောင့်ရှိ မြက်များရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းပြသ

ဆက်လက်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ပြည်ထောင်စုလမ်းမကြီး တစ်လျှောက်လမ်းဘေးဝဲယာ မြက်၊ချုံနွယ်နှင့် အမှိုက်များ ခုတ်ထွင်ရှင်းလင်း ခြင်းနှင့် လမ်းဘေးရေနုတ်မြောင်းများ ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက် လျက်ရှိသည့်အခြေအနေကို လည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၂)လမ်းမှ ပင်လုံလမ်းအထိ အရှည်ပေ ၆၄၃၀၊ အကျယ် ၄၈ ပေရှိ လေးလမ်းသွား မောင်းမကန် ကမ်းသာလမ်း၊ ကတ္တရာခင်းကျင်းပြီးစီးမှုနှင့် ဆက်လက်ခင်းကျင်းလျက်ရှိသည့် အခြေအနေ၊ မောင်းမကန် ကမ်းသာလမ်းနှင့် ရန်ကုန်-မန္တလေးရထားလမ်း လမ်းဖြတ်ကူး Level Crossing ပြုလုပ်ပြီးစီးမှု နှင့် မောင်းမကန် ကမ်းသာလမ်းတစ်လျှောက် Side Drain ပြုလုပ်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ မောင်းမကန် ကမ်းသာလမ်းမကြီးပေါ်၌ အရှည်ပေ ၃၀၊ အကျယ် ၇၂ ပေရှိ တိုးကြောင်ကလေးချောင်းဖြတ် ကွန်ကရစ် တံတား တည်ဆောက်ပြီးစီးမှု အခြေအနေကို လည်းကောင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် မြဝတီ ရိပ်သာဝင်းအတွင်း တပ်မတော်သားများနှင့် မိသားစုဝင်များ စုပေါင်း၍ အမှိုက်နှင့်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသ ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်း လင်းတို့က ရန်ကုန်မြို့တွင်း သန့်ရှင်းသာယာလှပစေရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် အမှိုက်များ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ၊ မြစ်ထွက်ပေါက်များနှင့် ချောင်းများ ဆယ်ယူရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ရေနုတ်မြောင်းများနှင့်ချောင်းများအတွင်း အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်ခြင်းမရှိစေရေး၊ ပြည်သူလူထုနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်ကြရန်နှင့် လမ်းများ အရှည်အသွေးစံချိန်စံညွှန်မီစွာ အမြန်ခင်းကျင်းပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားပြီး တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

ကျိုက်မရောမြို့နယ် ချောင်းနှစ်ခွကျေးရွာ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကျင်းပ တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်၊ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံစစ်ဆေး

ရန်ကုန် မေ ၂၂

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ချောင်းနှစ်ခွကျေးရွာ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၁၉ ရက် နံနက် ၉ နာရီက အဆိုပါ ကတ္တရာလမ်းသစ်ဖွင့်ပွဲ မဏ္ဍပ်၌ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်နှင့် တပ်မတော်အရာရှိကြီးများ၊ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊မော်လမြိုင်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အောင်နှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကတ္တရာလမ်းသစ် ဖြစ်မြောက်ရေးကော်မတီဝင် ဦးချစ်ဝေ က ကတ္တရာလမ်း ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ချောင်းနှစ်ခွ ကျေးရွာမှ ဦးသောင်း ညွှန့်က ကျေးဇူးတင်စကား ပြောကြား သည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ချောင်းနှစ်ခွကျေးရွာ ကတ္တရာလမ်းသစ်အား နယ်မြေခံ စစ်ဖျု ဟာမှူး ဗိုလ်မှူးကြီးအောင်ကျော် ငြိမ်း၊ မော်လမြိုင်ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး တင်အောင်နှင့် ချောင်းနှစ်ခွ ကျေးရွာဥက္ကဋ္ဌ ဦးအုန်းကြိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကတ္တရာ လမ်းသစ်အားလှည့်လည် ကြည့်ရှု စစ်ဆေးသည်။

အကုန်အကျခံဖောက်လုပ်

အဆိုပါ ချောင်းနှစ်ခွကျေးရွာ ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းသည် မူလဂဝံလမ်းဖြစ်ပြီး လမ်းအရှည် ၁၇၆၈ပေ၊ အကျယ်၁၄ပေနှင့် အရှည် ပေ၂၀၊ အကျယ် ကိုးပေရှိ သံကူ ကွန်ကရစ်တံတားပါရှိပြီး စုစုပေါင်း ငွေကျပ် ၆၂သိန်းလေးသောင်း အကုန် အကျခံဖောက်လုပ်ခဲ့ကြောင်း သိရ သည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မုဒုံ-ကြာအင်းဆိပ်ကြီးလမ်းပေါ်ရှိ အတ္ထရံ မြစ်ကူးတံတားတည်ဆောက်မည့်နေရာ နှင့် လမ်းအူကြောင်းနေရာသို့ လည်း ကောင်း၊ ချောင်းနှစ်ခွ(ပွန်စု) အခြေခံ ပညာမူလတန်းကျောင်း မြေနေရာနှင့် ချောင်းနှစ်ခွ အခြေခံပညာအထက်တန်း ကျောင်း ကျောင်းဆောင်သစ် ဆောက် လုပ် ပြီးစီးမှုအခြေအနေများကို လည်း ကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည် များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေး သည်။

မှာကြား

ဆက်လက်၍တိုင်းမှူးသည်ချောင်း နှစ်ခွကျေးရွာ ၁၆ခုတင်ဆံ့ တိုက်နယ် ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေး ပြီး တာဝန်ရှိသူများအား လိုအပ်သည် များ မှာကြားသည်။

(သတင်းစဉ်)

ဝန်ကြီးဗိုလ်ချုပ်စောလွင် အင်းတကော်စက်မှုနယ်မြေရှိ စက်ရုံများစစ်ဆေး စက်သုံးဆီများ စနစ်တကျချွေတာသုံးစွဲရေး မှာကြား

ရန်ကုန် မေ ၂၂

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ၂၁ရက် နံနက် ၁၀နာရီက ပဲခူးတိုင်း အင်းတကော်ဒေသရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အင်းတကော်စက်မှုနယ်မြေသို့ ရောက်ရှိပြီး ရှေးဦးစွာ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း မော်တော်ယာဉ်သုံးပစ္စည်းထုတ်လုပ်မှုစက်ရုံ၏ ကားဘီးခွေအလုပ်ရုံ၌ မော်တော်ယာဉ်သုံး ကားဘီးခွေများ ထုတ်လုပ်မှု အဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိမ်းက ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၏ လျှပ်စစ်မော်တာထုတ်လုပ်မှု စက်ရုံနှင့် မော်တော်ယာဉ်သုံးလျှပ်စစ်ပစ္စည်းထုတ်လုပ်မှုစက်ရုံတို့၌ စက်ရုံ တည်ဆောက် ပြီးစီးမှု၊ နိုင်ငံခြားမှ ရောက်ရှိလာသည့် စက်ပစ္စည်းများ နေရာချထားမှု၊ တပ်ဆင်ထားရှိမှုနှင့် စက်စမ်းသပ်လည်ပတ်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး**(အပေါ်ပုံ)**စက်ပစ္စည်းများကို စနစ်တကျ တပ်ဆင်စမ်းသပ်လည်ပတ်ရေး၊ ကုန်ကြမ်းများ ကြိုတင် ဖြည့်တင်းထားရှိရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် လျှပ်စစ်နှင့် စက်သုံးဆီများ စနစ်တကျ ချွေတာသုံးစွဲရေးတို့ကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၂၁ ရက်က ပြန်ကြားရေး ဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ ဆက် ဆံ ရေး ဦးစီးဌာန လုပ်ငန်း စွမ်း ဆောင် ရည် မြှင့်တင်ရေး သင်တန်း (အရာရှိ) အမှတ်စဉ် (၂/၂၀၀၅)မှ သင်တန်းသား သင်တန်းသူများ မူးယစ်ဆေးဝါး ပပျောက်ရေး အ ထိမ်း အ မှတ် ပြတိုက်၌ လေ့လာကြည့်ရှုစဉ်။
(သတင်းစဉ်)

ကမ္ဘာတစ်လွှား အားကစား

အေစီမီလန်နှင့် လီဗာပူးတို့၏ ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲ နည်းဗျူဟာပိုင်း အားသာသူတို့သာ ဖလားရရှိနိုင်မည်

လန်ဒန် မေ ၂၂

ဥရောပတွင် အဆင့်အမြင့်ဆုံးဖြစ်ပြီး စိတ်ဝင်စားဖွယ် အကောင်းဆုံးဖြစ်သော ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ အတာတတ်အိုလံပစ်အားကစာကွင်းကြီး၌ မေ ၂၆ ရက် (ကြာသပတေးနေ့) မြန်မာစံတော်ချိန် နံနက် ၁း၁၅ နာရီတွင် အင်္ဂလိပ်ပရီမီယာလိဂ်မှ လီဗာပူးနှင့် စီးရီးအေမှ အေစီမီလန်တို့ ချန်ပီယံလိဂ်ဖလားရရှိရေးအတွက် အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြတော့မည် ဖြစ်သည်။

သမိုင်းအစဉ်အလာအရ ဂုဏ်သိက္ခာမြင့်မားသော ချန်ပီယံလိဂ်ပြိုင်ပွဲများ သမိုင်းတွင် အအောင်မြင်ဆုံးအသင်းမှာ စပိန်ကလပ် ရီးယဲမက်ဒရစ်အသင်းဖြစ်ပြီး ဒုတိယ အအောင်မြင်ဆုံးအသင်းမှာ အေစီမီလန်အသင်းပင် ဖြစ်သည်။ ထို့အတူ လီဗာပူးအသင်းသည်လည်း အောင်မြင်မှုအစဉ်အလာကောင်းသော အသင်းဖြစ်သဖြင့် ချန်ပီယံလိဂ်တွင် သမိုင်းမှတ်တမ်းကောင်းသူတို့ ယှဉ်ပြိုင်ကြမည့် ပွဲကြီးပွဲကောင်းတစ်ပွဲ ဖြစ်လာမည်ဖြစ်သည်။

အေစီမီလန်၏မှတ်တမ်း

အီတလီစီးရီးအေထိပ်သီး အေစီမီလန်အသင်းကို ၁၈၉၉ ခုနှစ်ကစတင်တည်ထောင်ခဲ့ရာ အသင်းတည်ထောင်မှုနှစ်ပေါင်း ၁၁၄ နှစ်အတွင်း ချန်ပီယံလိဂ်ဖလား ခြောက်ကြိမ်ရရှိခဲ့သည့် အသင်းဖြစ်သည်။

ချန်ပီယံလိဂ် ဗိုလ်လုပွဲရောက် အေစီမီလန်အသင်း နည်းပြကားလို့စ်အန်ဆယ်လော့တီ။
(ဓာတ်ပုံ-အင်တာနက်)

အေစီမီလန်အသင်းသည် ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲသို့ ယခုအကြိမ်အပါအဝင် ၁၀ကြိမ်အထိတက်ရောက်နိုင်ခဲ့ရာမှ ခြောက်ကြိမ် ဗိုလ်စွဲခဲ့ခြင်းဖြစ်ပြီး အနိုင်ရဗိုလ်စွဲခဲ့သောပွဲစဉ်အတော်များများမှာ သွင်းဂိုးရလဒ်ကောင်းဖြင့် အနိုင်ယူခဲ့ခြင်း ဖြစ်သည်။

ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း အေစီမီလန်တို့ လွယ်လွယ်ကူကူ ဗိုလ်လုပွဲသို့ တက်ရောက်လာခဲ့ခြင်းမဟုတ်ပေ။ အုပ်စုပွဲစဉ်များတွင် နာမည်ကြီးအသင်းများဖြစ်သော ဆဲလ်တစ်၊ ဘာစီလိုနာတို့နှင့် ကစားခဲ့ရပြီး ကွာတားနှင့် အကြိုဗိုလ်လုပွဲတို့တွင် မန်ချက်စတာယူနိုက်တက်နှင့် အင်တာမီလန်တို့ကို ခက်ခက်ခဲခဲ ဖြတ်ကျော်ခဲ့ပြီးမှ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်လာခဲ့ခြင်း ဖြစ်သည်။

ထူးခြားသည်မှာ အေစီမီလန်တို့ ပထမဆုံးအကြိမ် ချန်ပီယံလိဂ်ဖလားရရှိခဲ့သည့် ၁၉၆၃ ခုနှစ်က အေစီမီလန်အသင်းကို ဦးဆောင်ကစားခဲ့သူ ဆီဆာမာလ်ဒီနီသည် ယခုနှစ် အေစီမီလန်အသင်း၏ ခေါင်းဆောင်ဖြစ်သူ ပေါ်လိုမာလ်ဒီနီ၏ ဖခင်ဖြစ်နေခြင်းပင် ဖြစ်သည်။

ထို့အပြင် ယခုနှစ် ချန်ပီယံလိဂ် ဗိုလ်လုပွဲတွင် ပါဝင်မည့် ဘောလုံးသမားများတွင် ယခင် ချန်ပီယံပြိုင်ပွဲ အတွေ့အကြုံများ ရရှိထားခဲ့ဖူးသော ဘောလုံးသမားများ ပါဝင်နေခြင်းပင် ဖြစ်သည်။ အေစီမီလန်သည် ဗိုလ်လုပွဲတွင် အောက်ခံအဖြူရောင်နှင့် အစင်းပါသော ဝတ်စုံကိုဝတ်ဆင်ပြီး ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

လီဗာပူး၏မှတ်တမ်း

ချန်ပီယံလိဂ်သမိုင်းတွင် လီဗာပူးတို့ ချန်ပီယံလိဂ်ဖလား လေးကြိမ်ရရှိခဲ့ဖူးရာ ယင်းတို့မှာ ၁၉၇၇၊ ၁၉၇၈၊ ၁၉၈၁ နှင့် ၁၉၈၄ ခုနှစ်များတွင်ဖြစ်ပြီး လီဗာပူးတို့ ရွှေထီးဆောင်းခဲ့ရသည့် အောင်မြင်မှုသမိုင်းကြောင်းမှာနှစ်ပေါင်း ၂၀ ကျော် ကြာညောင်းခဲ့ပြီ ဖြစ်သည်။

သို့သော် လီဗာပူးတို့ ချန်ပီယံလိဂ် လေးကြိမ်ဗိုလ်စွဲခဲ့သည့် ပွဲစဉ်များတွင် ဂိုးပြတ်မသွင်းနိုင်ဘဲ ချန်ပီယံလိဂ်ဖလားများ ရရှိခဲ့ခြင်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေ အင်္ဂလန်အသင်းများ ချန်ပီယံလိဂ်ဖလား ကိုးကြိမ်ရရှိခဲ့ဖူးရာတွင် လီဗာပူးတို့က လေးကြိမ်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ရာ အင်္ဂလန်အသင်းများတွင် ချန်ပီယံလိဂ်၌ အအောင်မြင်ဆုံးအသင်းပင် ဖြစ်သည်။

ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် လီဗာပူးသည် အုပ်စုပွဲစဉ်များ၌ မိုနာကို၊ ဒီပို့တီဗိုတို့နှင့် ကစားခဲ့ရပြီး ရှုံးထွက်အဆင့်တွင် ထိပ်တန်းဘောလုံးအသင်းများဖြစ်သော လီဗာကူဆင်၊ ချယ်လ်ဆီးတို့ကို ချန်ပီယံလိဂ်မှ ထွက်ခွာစေရန် ပြုလုပ်ခဲ့သည်မှာ လီဗာပူးအသင်းပင် ဖြစ်သည်။

လီဗာပူးအသင်း၏ ချန်ပီယံလိဂ် ဗိုလ်စွဲခဲ့သည့် ပြိုင်ပွဲရလဒ်များကို ကြည့်လျှင် ၁၉၇၇ ခုနှစ်က မိုချင်ဂလက်ဘက်ချ်ကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ၁၉၇၈ ခုနှစ်တွင် အက်ဖ်စီဘရူးဂျက်ကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ၁၉၈၁ ခုနှစ်တွင် ရီယဲလ်မက်ဒရစ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ကစားခဲ့ပြီး ၁၉၈၄ ခုနှစ်တွင် ရိုးမားနှင့် ပွဲချိန်ပြီးသည်အထိ ဂိုးမရှိသရေပွဲဖြစ်နေရာမှ ပယ်နယ်တီအဆုံးအဖြတ် ကန်သွင်းရာ လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

လီဗာပူးအသင်းသည် ချန်ပီယံလိဂ်ဗိုလ်လုပွဲသမိုင်းတွင် အီတလီမှ ရိုးမားအသင်းနှင့် ဂျူဗင်းတပ်တို့ဖြင့်သာ ဆုံတွေ့ခဲ့ဖူးပြီး အနိုင်ရရှိခဲ့သလို ယခုလည်း အီတလီစီးရီးအေမှ အေစီမီလန်နှင့် ဗိုလ်လုပွဲ၌ တွေ့ဆုံရပြီ ဖြစ်သည်။

လီဗာပူးအသင်းသည် ယခု ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် အနီရောင်ဝတ်စုံကို ဝတ်ဆင်ပြီး အနိုင်ရရှိရေး အပြင်းအထန်ကြိုးစားတော့မည် ဖြစ်သည်။

နည်းပြနှစ်ဦး၏အနေအထား

အေစီမီလန်အသင်းနည်းပြ အန်ဆယ်လော့တီသည် လောလောဆယ်တွင် လက်ရှိ စီးရီးအေချန်ပီယံဖလားကို မကာကွယ်နိုင်ခဲ့သဖြင့် ဂျူဗင်းတပ်ကို ဖလားလွှဲပြောင်းပေးလိုက်ရပြီ ဖြစ်သည်။ သို့သော် ၂၀၀၃ ခုနှစ်နှင့် ယခု ၂၀၀၅ ခုနှစ်များတွင် ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲသို့ အေစီမီလန်ကို တက်ရောက်လာနိုင်အောင်ဆောင်ကြဉ်းပေးနိုင်ခဲ့သူဖြစ်ပြီး ၂၀၀၃ ခုနှစ်က အေစီမီလန်ကို ချန်ပီယံလိဂ် ဗိုလ်စွဲအောင်လည်း ဆောင်ရွက်ပေးနိုင်ခဲ့သူဖြစ်ရာ ဖလားရယူရန် မည်သည့်နည်းဗျူဟာသုံးရမည်ကို ကောင်းကောင်းသိရှိထားသူတစ်ဦး ဖြစ်သည်။

အန်ဆယ်လော့တီသည် အေစီမီလန်ကို အများအားဖြင့် ၄-၃-၁-၂ ပုံစံဖြင့် ကစားစေသူဖြစ်ပြီး ယင်းပုံစံဖြင့်သာ ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် ခင်းကျင်းကစားမည်သာ ဖြစ်သည်။

မိမိအသင်း ကံတရားဖေးမမှုကြောင့် ချန်ပီယံလိဂ် ဗိုလ်လုပွဲသို့ တက်ရောက်လာခဲ့ခြင်း ဖြစ်ကြောင်း ဝန်ခံထားသော်လည်း ဗိုလ်လုပွဲတွင် ခုနစ်ကြိမ်မြောက် ဖလားရယူရန်အတွက် မိမိအသင်းကို အကောင်းဆုံးပြင်ဆင်ထားပြီးဖြစ်ကြောင်း ပြောကြားထားသည်။

လီဗာပူးနည်းပြ ဘင်နီတက်ဇ်သည် လီဗာပူးအသင်း ဗိုလ်လုပွဲအထိရောက်အောင်ပို့ပေးခဲ့ရာတွင် ၄-၂-၃-၁ ပုံစံကို ပြိုင်ပွဲတစ်လျှောက် အသုံးပြုခဲ့ပြီး ၁၉၈၅ ခုနှစ်နောက်ပိုင်း နှစ် ၂၀အကြာ လီဗာပူးကို ချန်ပီယံလိဂ် ဗိုလ်လုပွဲသို့ရောက်အောင် ပို့ဆောင်ပေးနိုင်ခဲ့သူတစ်ဦး ဖြစ်သည်။

သို့သော် အင်္ဂလိပ်ပရီမီယာလိဂ်တွင်မူ ဘင်နီတက်ဇ်၏ အခင်းအကျင်းသည် ထိရောက်မှုမရှိဘဲ အဆင့်လေးနေရာကို အဲဗာတန်ထံမှ လွှဲပြောင်းမယူခဲ့နိုင်ခြင်းက ပြသနေသည်။ သို့ရာတွင် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ၌ ဥဏ်များသော ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုအား တစ်ဂိုးမျှမပေးဘဲ ဖြတ်ကျော်နိုင်ခဲ့သည်မှာလည်း တော်ရုံ အရည်အချင်းနှင့် ရမည်မဟုတ်ဆိုသည်မှာလည်း ထင်ရှားနေပြန်သည်။

"လီဗာပူး ငါးကြိမ်မြောက် ချန်ပီယံလိဂ်ဖလားရအောင် ကြိုးစားသွားမှာပါ။ အေစီမီလန်အသင်းကို ဘယ်လိုအနိုင်ယူရမယ်ဆိုတာ ကျွန်တော်သိပါတယ်။ ကျွန်တော့်အသင်းရဲ့ ညာဘက်ခြမ်း အားနည်းချက်ကို ပြုပြင်ထားလို့ အကောင်းဆုံးအနေအထား ရောက်ရှိနေပြီး ဘောလုံးသမားတွေလည်း ပြိုင်ပွဲဝင်ရန် အသင့်ဖြစ်နေပါပြီ"ဟု ဘင်နီတက်ဇ်က ပြောကြားထားသည်။

နောက်ဆုံးအခြေအနေ

အေစီမီလန်သည် ယခုနှစ်ချန်ပီယံလိဂ် ဗိုလ်လုပွဲရောက်အောင် ခရီးပြင်းနှင်ခဲ့ရာတွင် ပြိုင်ပွဲတစ်လျှောက် စုစုပေါင်း၁၇ဂိုးသွင်းယူနိုင်ခဲ့ပြီး ခြောက်ဂိုး အသွင်းခံခဲ့ရသည်။ ချန်ပီယံလိဂ် ဗိုလ်လုပွဲအတွေ့အကြုံရှိသူ ဘောလုံးသမားများပါဝင်နေသဖြင့် သမ္မာတွင် အေစီမီလန်က သာနေသည်။

ရှေ့တန်းတွင် ရှက်ချင်ကို၊ ခရက်စပိုနှင့် ကာကာတို့က လျင်မြန်ပြီး ဂိုးသွင်းသေချာသကဲ့သို့ နောက်တန်းခံစစ်ကြောင်းလည်း ခိုင်မာတောင့်တင်းသောအသင်း ဖြစ်သည်။ တိုက်စစ်မှူးနှင့် ခံစစ်ကစားမှုတို့တွင် ကောင်းမွန်ပြီး ကာဖူးနှင့် ကယ်လာဇီတို့ကလည်း တောင်ပံများမှ တိုက်စစ်ကို လိုက်ပါအားဖြည့်နိုင်ကြသည့် အနေအထားရှိသည်။

လီဗာပူးမှာလည်း ချန်ပီယံလိဂ် ဗိုလ်လုပွဲရောက်သည်အထိ စုစုပေါင်း ၁၅ ဂိုး သွင်းနိုင်ခဲ့ပြီး ခြောက်ဂိုး ပြန်အသွင်းခံထားရသည်။ လီဗာပူးတွင် ချန်ပီယံလိဂ်ဗိုလ်လုပွဲအတွေ့အကြုံရှိသူ ဘောလုံးသမားတစ်ဦးမျှ မပါရှိပေ။

ကွင်းလယ်ကစားကွက်ကို ဂျရတ်ဦးဆောင်ပြီး အေစီမီလန်ထက်ကောင်းအောင်ဖန်တီးနိုင်သည့် အနေအထားရှိသလို ရှေ့တန်းတွင် မီလန်ဘားရို့စ်၊ ဂျီဘရီဆီဆီနှင့် ဂါစီယာတို့ကလည်း အေစီမီလန်နောက်တန်းကို ကောင်းကောင်း မွှေနှောက်နိုင်သူများ ဖြစ်ကြသည်။

ကွင်းလယ် ကစားကွက်ကို အသာစီးရအောင် ကြိုးစားပြီး အခင်းအကျင်းနှင့် နည်းဗျူဟာပိုင်းတွင် ဘင်နီတက်ဇ် အားသာအောင် ကြိုးစားခဲ့ပါက အေစီမီလန်ကို ကျော်ဖြတ်ပြီး လီဗာပူးတို့ ငါးကြိမ်မြောက် ချန်ပီယံလိဂ်ဖလားကို ရသွားနိုင်ဖွယ်ရှိသည်။

(အင်တာနက်)

အလယ်တန်းလူ စတီဗင်ဂျရတ်

ချန်ပီယံလိဂ် ဗိုလ်လုပွဲတွင် လီဗာပူးအတွက်အားထားရဆုံး ကွင်းလယ်ကစားသမားနှင့် အသင်းခေါင်းဆောင် စတီဗင်ဂျရတ်။
(ဓာတ်ပုံ- အင်တာနက်)

မေ ၂၂ ရက်က ကုက္ကိုင်း ရေကူးအသင်း၏ ၂၀၀၅ခုနှစ်အတွက် ဒုတိယအကြိမ် နွေရာသီ ရေကူး သင်တန်းဆင်းပွဲနှင့် အောင်လက်မှတ်ချီးမြှင့်ပွဲ ကျင်းပရာ ဒုတိယဥက္ကဋ္ဌ(၁) ဦးဟန်ထွန်းမောင်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်စဉ်။
(မြန်မာ့အလင်း)

ရန်ကုန်တိုင်းဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် မေ ၂၂

ရန်ကုန်တိုင်းကိုယ်စားပြု စားပွဲတင်တင်းနစ် လက်ရွေးစင်များ ရွေးချယ်နိုင်ရေးရည်ရွယ်၍ ပထမအကြိမ် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ဝင်းအတွင်းရှိ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် ကျော်မြင့်ခိုင်(တာမွေမြို့နယ်)နှင့် ဘုန်းငွေစည်(ဒဂုံမြို့နယ်)တို့ယှဉ်ပြိုင်ကစားရာ ကျော်မြင့်ခိုင်(တာမွေမြို့နယ်)က လေးပွဲ-သုံးပွဲဖြင့် အနိုင်ရရှိသွားသည်။

ဆုချီးမြှင့်

ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရှိုင်းဟုတ်ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာကျန်းက အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၌ ပထမရရှိသော တင်တင်သန်း(ကွမ်းခြံကုန်းမြို့နယ်)၊ ဒုတိယရရှိသော လှလှဝင်း(သန်လျင်မြို့နယ်)၊ ပူးတွဲ တတိယရရှိသော ခင်နွဲ့စန်း(အင်းစိန်မြို့နယ်)နှင့် သန္တာအောင်(ဒဂုံမြို့နယ်)တို့အား ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်တိုင်း စားပွဲတင်တင်းနစ် ဆပ်ကော်မတီအဖွဲ့ဝင် ဦးမောင်မောင်သိုးက အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၌ ပထမရရှိသော ကျော်မြင့်ခိုင်(တာမွေမြို့နယ်)၊ ဒုတိယရရှိသော ဘုန်းငွေစည်(ဒဂုံမြို့နယ်)၊ ပူးတွဲ တတိယရရှိသော ညီညီဇော်(ထန်းတပင်မြို့နယ်)နှင့် ကိုကိုမင်းအေး(ပုဇွန်တောင်မြို့နယ်)တို့အား ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

အသင်းလိုက်ပြိုင်ပွဲ

ဆက်လက်၍ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် အတွင်းရေးမှူး ဗိုလ်ကြီးဝင်းနိုင်(ငြိမ်း)က အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲ၌ ပထမရရှိသော အင်းစိန်မြို့နယ်၊ ဒုတိယရရှိသော မရမ်းကုန်းမြို့နယ်၊ တတိယရရှိသော ဒဂုံမြို့နယ်တို့အားလည်းကောင်း၊ ရန်ကုန်တိုင်း စားပွဲတင်တင်းနစ် ဆပ်ကော်မတီ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနေဝင်းက အမျိုးသား အသင်းလိုက်ပြိုင်ပွဲ၌ ပထမရရှိသော ပုဇွန်တောင်မြို့နယ်၊ ဒုတိယရရှိသော စမ်းချောင်းမြို့နယ်၊ ပူးတွဲတတိယရရှိသော ကျောက်တံတားမြို့နယ်နှင့် ဗိုလ်တထောင်မြို့နယ်တို့အားလည်းကောင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

တံခွန်စိုက်ဆု

ထို့နောက် မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်က အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲ၌ ပထမဆုရရှိသော အင်းစိန်မြို့နယ်အသင်းနှင့် အမျိုးသားအသင်းလိုက်ပြိုင်ပွဲ၌ ပထမဆုရရှိသော ပုဇွန်တောင်မြို့နယ်အသင်းတို့အား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်သည်။ **(မြန်မာ့အလင်း)**

ရန်ကုန်ဂေါက်အသင်းတွင် တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မေ ၂၂

ရန်ကုန်ဂေါက်အသင်း (တညင်းကုန်း)တွင် မေ ၂၁ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် ကစားဖော်များဖြစ်ကြသော Tomrunggai (Petronas Carigali Myanmar), Salahuddin Sulaiman (Petronas Carigali Myanmar) နှင့် Robert Martin (Petronas Carigali Myanmar) တို့နှင့်အတူ ဂေါက်သီးရိုက်ကစားရာ Andy Tin Win (Petronas Carigali Myanmar) သည် ကျင်းအမှတ်(၄)ကို ၁၆၈ ကိုက်အကွာမှ Titleist-3 ဘောလုံးအား Ping Zing-2#6 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

ရန်ကုန် မေ ၂၂

ယနေ့ မြန်မာစံတော်ချိန် နံနက် ၅ နာရီ ၃၃ မိနစ် ၅၀ စက္ကန့် အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ တောင်ဘက်မိုင် ၈၅၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကိုဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ ဒသမ ၆ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဗိုလ်မှူးမောင်မောင်မြင့်(လေ)-ဒေါ်ခင်ခင်ချိုတို့၏သား

မောင်ရန်ပိုင်မြင့် B.Sc (D.S.A)°

နှင့်

နယူးဒေလီမြို့နေ အိန္ဒိယနိုင်ငံဆိုင်ရာ
ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကြည်သိန်း-ဒေါ်မာမာရှိန်တို့၏
တစ်ဦးတည်းသော သမီး

မခိုင်စုမာသိန်း B.Sc°(Physics)

တို့၏ ၁၉-၅-၂၀၀၅ရက် Traders Hotel ၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော ဒုတိယ တရားသူကြီးချုပ် ဦးသိန်းစိုးအား လည်းကောင်း၊ ၂၁-၅-၂၀၀၅ရက် မဟာသန္တိသုခ ကျောင်းတော်၌ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ တက်ရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၂-၅-၂၀၀၅ရက် Sedona Hotel ၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်အားလည်းကောင်း၊ နိုင်ငံတော်အကြီးအကဲ၏ မိသားစုများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ အထူးတလည် တက်ရောက်ချီးမြှင့်ပေးပါသော ဒေါ်သန္တာရွှေအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ ဗိုလ်မှူးပြည်အောင်နှင့် ဇနီး မနန္ဒာအေးတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့အားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး အားလည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီးအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းအား လည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဇနီး ဒေါ်မာလာတင့်အား လည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၏ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၏ဇနီး ဒေါ်ခင်နှင်းဝေ၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၏ဇနီး ဒေါ်ခင်လေးမြင့်၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ မင်္ဂလာဧည့်ခံပွဲသို့တက်ရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဇနီး ဒေါ်စန်းစန်းရီအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ တက်ရောက်ချီးမြှင့်ပေးသော ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ဇနီးတို့အားလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများအားလည်းကောင်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများအားလည်းကောင်း၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော တေးသံရှင် ဟေမာနေဝင်း၊ မေတ္တာဖြင့် မင်္ဂလာကေပိုဒ်ရတု ရေးစပ်သီကုံးလက်ဖွဲ့ပေးပါသော ဂီတလုလင် ဦးကိုကိုနှင့် မင်္ဂလာရတုသီဆိုပေးသော နိုင်ငံကျော်အဆိုတော် ဒေါ်ရီရီသန့်အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော ညီမငယ် မေသဉ္ဇာစန်း၊ မင်္ဂလာပန်းကုံးဗန်း ကိုင်ဆောင်ပေးသော ညီမငယ် လှိုင်နန္ဒာဆွေ၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော ညီမငယ် အိန္ဒြေမဒီဆွေတင်တို့အားလည်းကောင်း၊ သတို့သားအရန် ဗိုလ်ကြီးမင်းသော်အေး၊ ဗိုလ်ကြီးကျော်စိုးအောင်၊ သတို့သမီးအရန် အမရာဆွေတင်နှင့် စန္ဒီစိုး၊ သတို့သမီးဝတ်စုံ မမဉ္ဇူ၊ မိတ်ကပ်ဆံပင်စိုးစိုး၊ မင်္ဂလာပန်းအလှဖန်တီးရှင် မလေးရှားသန်းမြင့်၊ မင်္ဂလာတေးသံသာများနှင့်ဖျော်ဖြေပေးသော တယောကိုတင်ငွေတေးဂီတအဖွဲ့နှင့် တေးသံရှင်များအားလည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယို ရိုက်ကူးပေးသော စိုင်းဘုန်းထူး၊ မေတ္တာဖြင့် ဗီဒီယိုမှတ်တမ်းတင်ပေးသော မြစန္ဒီဇော်ဗီဒီယို ထုတ်လုပ်ရေးအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့များပေးပို့ကြသည့် ရပ်နီးရပ်ဝေးမှ နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ Traders Hotel၊ မဟာသန္တိသုခကျောင်းတော်နှင့် Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ဤမင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ရန်ပိုင်မြင့်-မခိုင်စုမာသိန်း။




မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အောင်မင်းခေါင်ဘုရားလမ်း၊ အမှတ် ၁၅(A)၊ ဝင်ဒါမီယာနေ
(ဦးအစွန်)-ဒေါ်စွမ်တီ တို့၏ သား၊
ကိုသိန်းငွေ-မရှုခင်တို့၏ ညီ

ဒေါက်တာမြင့်မြတ်ထွန်း

M.B.,B.S, DBL
Golden Bell Pharmacy

နှင့်

ပြည်မြို့၊ လမ်းမတော်လမ်း၊ အမှတ် ၁၅၆နေ
'အရဟံ'ရောင်းဝယ်ရေး ဦးငြိမ်းမောင်-ဒေါ်နှင်းယဉ်
'ထူးမြတ်' ပဲခွဲစက်နှင့် ပဲကြော်လုပ်ငန်းတို့၏ သမီးထွေး

ဒေါက်တာနှင်းလဲ့လဲ့ငြိမ်း

M.B.,B.S, First Year M.Med.Sc (Biochemistry), Institute of Medicine I

တို့၏ ၂၂-၅-၂၀၀၅ရက် (တနင်္ဂနွေနေ့)တွင် ဆီဒိုးနားဟိုတယ်၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာလက်စွပ် ဆင်မြန်းပေးသော ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ မင်္ဂလာအခမ်းအနားမှူး မဟေမာလင်း၊ မိတ်ကပ်နှင့် ဆံပင်အလှဆင်ပေးသော မိတ်ကပ်အောင်အောင်နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံများအားလုံး စီစဉ်ပေးသော မြင့်မြင့်ဝင်းနှင့် လဲ့လဲ့ဝင်း၊ မင်္ဂလာပန်းကြဲပေးသော မမေဇွန်စိုး၊ ဓာတ်ပုံနှင့်မှတ်တမ်းတင်ပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့သားများ၊ တေးဂီတ တေးသီငှက်နှင့်အဖွဲ့သားများ၊ မင်္ဂလာလက်ဖွဲ့ ပေးပို့ကြသူများနှင့် မင်္ဂလာပွဲကို တက်ရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိဧည့်ပရိသတ်များအားလုံး၊ မင်္ဂလာပွဲဖြစ်မြောက်အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော မိတ်ဆွေသူငယ်ချင်းများအားလုံးနှင့် ဆီဒိုးနားဟိုတယ်မှ ဝန်ထမ်းများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့် ဒေါက်တာမြင့်မြတ်ထွန်း-ဒေါက်တာနှင်းလဲ့လဲ့ငြိမ်း။

လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

၂၁-၅-၂၀၀၅ရက်နေ့ မြရိပ်ညိုရွိုင်ရယ်ဟိုတယ်နှင့် ၂၂-၅-၂၀၀၅ရက်နေ့ ဆီဒိုးနားဟိုတယ် (Ball Room)၌ ကျင်းပပြုလုပ်ခဲ့သော လက်ထပ်မင်္ဂလာပွဲနှင့် မင်္ဂလာဧည့်ခံပွဲတွင် ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးချီးမြှင့်ပေးပါသော တရားရုံးချုပ်တရားသူကြီး ဒေါက်တာဦးတင်အောင်အေးနှင့် ဒေါ်ခင်ဝင်း၊ စုလျားရစ်ပတ် လက်ထပ်ခြင်းနှင့် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်ဝင်းအောင်တင့်(ငြိမ်း)နှင့် ဒေါ်စန်းရီ၊ မင်္ဂလာလက်စွပ် ဆင်မြန်းပေးပါသော စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူး ဗိုလ်ချုပ်တင်ထွန်းနှင့် ဒေါ်ခင်မြင့်ဝေ၊ မင်္ဂလာဧည့်ခံပွဲသို့ကြွရောက်ချီးမြှင့်ကြသော တပ်မတော်အကြီးအကဲများနှင့် စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ လုပ်ဖော်ကိုင်ဖက်များ၊ မင်္ဂလာပန်းကြဲပေးသော မနွေးအိငုံနှင့် မခေမာလင်းဇော်၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မဝေမာလင်းဇော်နှင့်မဝင်းသီရိအောင်၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးသော မောင်ဇော်ရဲဝင်းနှင့် မမိုးသီရိမောင်၊ မောင်အိန်းအိန်းနှင့် မအေးချမ်းမြင့်မိုရ်၊ သတို့သားအရန် မောင်စိုးထက်၊ မောင်နိုင်ဇာနှင့် မောင်ငြိမ်းချမ်း၊ သတို့သမီးအရန် မငြိမ်းချမ်းသိန်း၊ မဥမ္မာစိုးနှင့် မဝေမွန်မွန်အောင်၊ မေတ္တာဖြင့် ရတနာများဆင်မြန်းပေးသော ဗိုလ်မှူးထွန်းထွန်းဦးနှင့် ဒေါ်ရင်ရင်မြ(စိန်ဧကရာဇ် စိန်ရတနာဆိုင်)၊ မင်္ဂလာအခမ်းအနားမှူး ဦးသင်မြင့်သန်းနှင့် ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေး တေးသီချင်းများနှင့် ရတုပိုဒ်စုံများ သီဆိုပေးသော နိုင်ငံကျော်အဆိုတော် ဒေါ်ရီရီသန့်၊ ဒေါ်တင်တင်မြ၊ ရတုပိုဒ်စုံရေးစပ်သီကုံးပေးသော မြေလတ်မင်းလွင်၊ အခမ်းအနားနှင့် ပန်းအလှ ပြင်ပေးသော နီနီပွင့်၊ မိတ်ကပ်စိုးစိုးနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ ကိုမြင့်စိုး(ဗိုလ်ချုပ်ဈေး)၊ ညစာစားပွဲဝတ်စုံ IVY၊ ဓာတ်ပုံနှင့်ဗီဒီယို စိုင်းဘုန်းထူးနှင့်အဖွဲ့၊ မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြသော ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများ၊ မြရိပ်ညိုရွိုင်ရယ်ဟိုတယ်နှင့် ဆီဒိုးနားဟိုတယ်မှမန်နေဂျာနှင့်ဝန်ထမ်းများ၊ ညစာစားပွဲကျင်းပပြုလုပ်သော ရွှေရှမ်းကန်မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ ကျေးဇူးတင်ထိုက်သူများ အားလုံးအား နှစ်ဖက်သောမိဘများနှင့်မောင်မင်းမြတ်စိုး-မစုမွန်ရည်တို့မှကျေးဇူးဥပကာရအထူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်မင်းမြတ်စိုး-မစုမွန်ရည်။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာ၊ရတနာမွန် ၂ လမ်း၊ ခြံအမှတ် ၂ နေ
ဦးကျော်ခင်-ဒေါ်ပိုးပိုး(မင်္ဂလာအထွေထွေရောင်းဝယ်ရေးနှင့်မဟာကျော်ကုန်တိုက်)
တို့၏သားကြီး

မောင်အောင်ကျော်ဦး B.E (Civil), YIT

(MD, King Fashion မင်္ဂလာအထွေထွေရောင်းဝယ်ရေးနှင့်မဟာကျော်ကုန်တိုက်)

နှင့်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်း၊အမှတ် ၈၈(၇လွှာ)နေ
ဦးရွှင်တိတ်-ဒေါ်ခင်ဝေ(မိတ်ဆွေ အိတ်မျိုးစုံစတိုး၊ မင်္ဂလာဈေး)
တို့၏တစ်ဦးတည်းသောသမီး

မဖြူဖြူသိန်း(ခ)လိန်လိန့် B.A(Eng;)

(မိတ်ဆွေ အိတ်မျိုးစုံစတိုး၊ မင်္ဂလာဈေး)

တို့ကို ၁၉-၅-၂၀၀၅ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေး၍ မင်္ဂလာစကား ပြောကြားပေးသော ရန်ကုန်တိုင်းတရားသူကြီး ဦးအောင်ငွေအားလည်းကောင်း၊ ၂၂-၅-၂၀၀၅ရက်တွင် Traders Hotel၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားနှင့် Dolphin Restaurant၌ ကျင်းပသော မင်္ဂလာညစာစားပွဲအခမ်းအနားတို့သို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ကြပါသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့်ပြည်တွင်းပြည်ပမှ သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲနှင့် မင်္ဂလာညစာစားပွဲ အောင်မြင်ပြီးမြောက်စေရန် စိတ်ရောကိုယ်ပါ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြပါသော ကျေးဇူးတင်ထိုက်သူများ၊ ချစ်သူငယ်ချင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါသည်။

နှစ်ဖက်သော မိဘများနှင့်
မောင်အောင်ကျော်ဦး-မဖြူဖြူသိန်း(ခ)လိန်လိန့်။

မွေးသက္ကရာဇ်မှန်

ဦးကိုကိုနိုင်၏ သားဖြစ်သူ အထက(၂)မော်ဘီ ဒုတိယတန်းမှ မောင်ဇာနည်ဘုန်းနိုင်၏မွေးသက္ကရာဇ်မှန်မှာ ၂၄-၆-၉၇ ဖြစ်ပါသည်။

မောင်ဇာနည်ဘုန်းနိုင်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အခြေခံတိုင်းရင်းဆေး ရက်တိုသင်တန်းဆင်း

ရန်ကုန် မေ ၂၂

ပြည်ထဲရေး ဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အခြေခံတိုင်းရင်းဆေးပညာ ရက်တိုသင်တန်းအမှတ်စဉ် (၇/၂၀၀၅) သင်တန်းဆင်းပွဲအခမ်းအနားကို မေ ၂၀ရက် နံနက် ၈နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ တိုင်းရင်းဆေးပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ နည်းပြ အရာရှိများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သင်တန်းကို ဧပြီ ၂၅ရက်မှ မေ ၂၀ရက်အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ အခြားအဆင့် သင်တန်းသား ၅၅ဦး၊ အကျဉ်းဦးစီးဌာနမှအခြားအဆင့် သင်တန်းသားငါးဦး စုစုပေါင်း သင်တန်းသား ၆၀ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊အမှတ်(၂၉)ဖြန့်ချိ

ရန်ကုန် မေ ၂၂

အပျော်စီး ဓိမ်ခံသင်္ဘောများက မြန်မာဝန်ထမ်းများ ရွေးချယ်ခေါ်ယူရန်ရှိ၊ မိခင်မှရင်သွေးသို့ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ကူးစက်မှု ကာကွယ်ရေးအစီအစဉ် ဆေးရုံကြီးများတွင်စတင်၊ တိုတယ်လ်ကုမ္ပဏီ မြန်မာပြည်ကထွက်ခွာမည်မဟုတ်၊ အိန္ဒိယ-မြန်မာ ကုန်သွယ်ရေးရုံး မဏိပူရတွင် ဖွင့်လှစ်သည့် ပြည်တွင်းရေးရာသတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

သက်တမ်းရှည် သုံးနိုင်မည့် နျူကလီးယားဘက်ထရီ တီထွင်၊ စကားမပြော စန္ဒရားသာတီးနေသည့်လူထူးလူဆန်း ဗြိတိန်တွင်ပေါ်နေ၊ ပေါင်တစ်သိန်းသုံးသောင်းလေးသော ကိတ်မုန့်ဖြင့် လာ့စ်ဗေးဂါ့စ်မြို့က ကမ္ဘာ့စံချိန်တင်၊ ကျေးလက်တွင် လက်ကိုင်ဖုန်းသုံးသူများ ဦးနှောက်အကျိတ်ရောဂါဖြစ်ရန် အလားအလားပိုများ စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ အားကစားကဏ္ဍစုံလင်စွာကို e-Empire Media House ဖုန်း-၅၄၈၈၈၀က မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။

(သတင်းစဉ်)

ညောင်မဟေတွင် အောင်ရေဆက်ကြသည့် ရှေးထက်အစဉ်လာ

တင်ထွဋ်(အစိုးရတိုင်းရင်းဆေး)

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းသည် ဒါန၊ သီလ၊ ဘာဝနာတည်းဟူသော ကောင်းမှုကုသိုလ်ပြုလျက် ဘုရားဖြစ်စေရန် ကြီးစွာသောအထောက်အကူပြုခဲ့သည့် ပရိဘောဂစေတီတစ်ဆူဖြစ်တော်မူသော ဗောဓိပင်ကို ကဆုန်လတွင် ရေသွန်းလောင်းပူဇော်ကြခြင်းသည် စဉ်လာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသော ရိုးရာယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်။

ကဆုန်လပြည့်နေ့သည် **"ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း"** ဟူသော ဆိုစကားနှင့်အညီ ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် ဤဘဒ္ဒကမ္ဘာ၌ လေးဆူမြောက်ဖြစ်သော ဂေါတမဗုဒ္ဓအမည်ဖြင့် ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်ဟု ဒီပင်္ကရာမြတ်စွာဘုရားထံမှ နိယတဗျာဒိတ်ကို ကဆုန်လပြည့်နေ့တွင်ခံယူခြင်း၊ မဟာသက္ကရာဇ် ၆၈ခု ကဆုန်လပြည့်နေ့တွင် ဂေါတမဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားအား ဖွားမြင်တော်မူခြင်း၊ မဟာသက္ကရာဇ် ၁၀၃ခု ကဆုန်လပြည့်နေ့ အရုဏ်တက်ချိန်တွင် ဂေါတမဘုရား အလောင်းတော်သည် သစ္စာလေးပါးကို သိမြင်တော်မူ၍ သဗ္ဗညုတဘုရားရှင်အဖြစ်သို့ ရောက်ရှိတော်မူခြင်း၊ မဟာသက္ကရာဇ် ၁၄၈ခု ကဆုန်လပြည့်နေ့တွင် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူခြင်းဟူသည့် အလွန်ထူးခြားသည့် ဗုဒ္ဓဝင်မှတ်တိုင်ကြီးများကို စိုက်ထူခဲ့သော နေ့ထူးနေ့မြတ်ကြီးဖြစ်သည်။ ဗုဒ္ဓဘာသာဝင်အပေါင်းက ကဆုန်လပြည့်နေ့ကို **"ဗုဒ္ဓနေ့"**အဖြစ် သတ်မှတ်လျက် ဘုရားဖြစ်တော်မူစ ကျူးရင့်တော်မူသည့် ဥဒါန်းဂါထာတော်များနှင့် ပဋိစ္စသမုပ္ပာဒ် ပါဠိဒေသနာတော်တို့ကို ရွတ်ဖတ်ပူဇော်ပြီး အခါတော်နေ့အဖြစ် ကျင်းပကြသည်။

ကဆုန်လသည် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်နှင့် ဆက်စပ်မှုရှိပါသည်။ ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့ဘဝကပင် ဘုရားဆုပန်ခဲ့သည်။ **ကာဠူ၊ ယသော်၊ ညီတော်၊ ဆန္န၊ ကဏ္ဍက၊ သောဏ္ဍာ၊ ဗုဒ္ဓဟော၊ (တစ်နည်း) အာ၊ ဗော၊ ကာ၊ ယ၊ ဆန်၊ ရွှေ၊ ကဏ်** ဟူသည့် ဘုရားရှင်၏ ဖွားဖက်တော် ခုနစ်ပါးတွင် အပါအဝင်ဖြစ်သော ဗောဓိညောင်ပင်ကို အမှီပြု၍ ဘုရားရှင်သည် ပုဗ္ဗေနိဝါသဉာဏ်တော်၊ ဒိဗ္ဗစက္ခုဉာဏ်တော်၊ အာသဝက္ခယဉာဏ်တော်တို့ကို ရရှိတော်မူသည့်အတွက် ရှင်မဟာသီလဝံသက ပါရမီတော်ခန်းပျို့၌ **"ဗောဓိမဏ္ဍိုင်၊ ခန်းဝါပိုင်က၊ ချက်ရိုင်ပြည့်စုံ၊ နဝဂုဏ်နှင့်"** ဟု စပ်ဆိုတော်မူခဲ့သည်။ တေရသကနိပါတ်တော်လာ ကာလိင်္ဂဗောဓိဇာတ်၌ စေတီတော်များအကြောင်းနှင့် စပ်လျဉ်း၍ **"ဘုရားရှင်တို့ အသုံးပြုသော ဗောဓိပင်မြတ်သည်ငါဘုရားသက်တော်ရှိစဉ်ပင် စေတီတော်မည်၏"**ဟု မြတ်စွာဘုရားသခင် မိန့်ကြားတော်မူခဲ့သည့်ပြင် ဘုရားရှင် သက်တော်ထင်ရှား ရှိတော်မူစဉ်ကပင် ဗောဓိပင်ကိုစိုက်၍ ဘုရားရှင်ကိုယ်စား ပူဇော်ကိုးကွယ်ခဲ့ကြသည်ကို တွေ့ရှိရသည်။ ယင်းသို့ အရှင်အာနန္ဒာမထေရ်ကြီးမှူး၍ စိုက်ပျိုးကိုးကွယ်ပူဇော်သော ဗောဓိပင်ဖြစ်သောကြောင့် အာနန္ဒာဗောဓိပင်ဟု အမည်တွင်လေသည်။

မဇ္ဈိမဒေသရှိ ဘုရားပွင့်တော်မူရာ မဟာဗောဓိပင်နှင့် စပ်လျဉ်း၍ အမရပူရ မြို့တည်နန်းတည်အောင်မြေလောကစေတီတော် ဒါယကာပဒုံမင်းတရားကြီး(ဘိုးတော်ဘုရား)သည် သက္ကရာဇ် ၁၁၆၈ခုနှစ်တွင် ပိဋကတ်တော်နှင့် လောကီကျမ်းများ ကူးယူရန်နှင့် မဟာဗောဓိပင်ကို ဖူးမြော်ရန် ရွှေတောင်သာဂသူ၊ ရွှေတောင်သီရိစည်သူစသည့် အမတ်ကြီးများကို အိန္ဒိယနိုင်ငံသို့ စေလွှတ်ခဲ့ရာ ၎င်းအမတ်ကြီးများ၏ မဟာဗောဓိပင်နှင့် ပတ်သက်သည့် လေ့လာတွေ့ရှိချက်များကို မှန်နန်းရာဇဝင်တော်ကြီးတွင် ဖော်ပြထားသည်။ တတိယသင်္ဂါယနာတင်ပွဲကြီးအပြီး အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ကြီးက ကိုးတိုင်းကိုး႒ာနသို့ သာသနာပြု စေလွှတ်ခဲ့ရာ ပါဋလိပုတ်ပြည့်ရှင် အသောကမင်းတရားကြီး၏ သားတော် ရှင်မဟိန္ဒသည် သီဟိုဠ်ကျွန်း၌ သာသနာပြုရန် တာဝန်ကျခဲ့ရာ သီဟိုဠ်မိဖုရား အနုဠာဒေဝီနှင့် နန်းတွင်းသူငါးရာတို့ပါ ဘိက္ခုနီသာသနာဝင်လိုသဖြင့် ဘုရင့်သမီးတော် သင်္ဃမိတ္တာထေရီမလည်း လိုက်ပါသွားရသည်။ သီရိဓမ္မာသောကမင်းကြီးသည် မဟာဗောဓိသို့ ကြွရာလမ်း၌ သံဃာများပါ ကြွရောက်ပြီး တံခွန်၊ ကုက္ကား၊ မုလေးပွား၊ ကြက်လျှာ၊ ထီးဖြူတို့ကို စိုက်ထူစေခြင်း၊ ပန်းပေါက်ပေါက်တို့ကို ဖြန့်ပက်ကြဲမြှောက်ပြီး တူရိယာငါးပါးနှင့် ပူဇော်ခဲ့ကြသည်။ ဗောဓိပင်၏ တောင်ဘက်ကိုင်းမှ တန်ခိုးပြာဋိဟာပြ၍ ရွှေအိုးချပြီး အဓိဋ္ဌာန်ပြုသည့်အခါ ဗောဓိကိုင်းနှင့် ဗောဓိသီးငါးလုံးကျလာပြီး အပင်ပေါက်သည်။ ကောင်းကင်၌ ခုနစ်ရက်တည်တော်မူသည်။ ယင်းမဟာဗောဓိပင်ပျိုကို သမီးတော်အား သီဟိုဠ်သို့ ပင့်ဆောင်စေခဲ့ရာ ပင့်ဆောင်ရာလမ်းခရီး၌ လှိုင်းလေများငြိမ်သက်ပြီး သမုဒ္ဒရာရေပြင်၌ ကြာမျိုးငါးပါးတို့ပွင့်ခြင်း စသည့် အံ့ဖွယ်များဖြစ်ပေါ်ပြီး နတ်၊ နဂါးမင်းကလည်း ထေရီမထံခွင့်ပန်၍ နဂါးပြည်သို့ ခုနစ်ရက်တိုင်တိုင် ပင့်ဆောင်စံမြန်းတော်မူပါသည်။

မဟာဗောဓိပင် ဇမ္ဗုကောလသင်္ဘောဆိပ်သို့ ဆိုက်ရောက်လာသည့်အခါ သီဟိုဠ်ဘုရင် ဒေဝါနံပိယတိဿမင်းကြီးကိုယ်တိုင် လည်ပင်းတိုင်အောင်နက်သော ရေသို့ဆင်း၍ ဗောဓိပင်တော်ကို ဦးခေါင်းဖြင့်ရွက်ကာ ပူဇော်လေသည်။ ရှင်မဟိန္ဒအမှူးရှိသော သံဃာပရိသတ်နှင့် သီဟိုဠ်ဘုရင်အမှူးပြုသော မင်းပရိသတ်အပေါင်းတို့သည် ဗောဓိပင်ကို စိုက်ပျိုးသည့်အခါ ခြောက်သွယ်သော ရောင်ခြည်တော်များလွှတ်ပြီး ရှင်မဟိန္ဒ၏ လက်ပေါ်သို့ကျလာသည်။ ရွှေအိုး၌ စိုက်ပျိုးရာ ပင်ပွားလေးဆယ် ပေါက်ရောက်လာခြင်း၊ မူလမဟာဗောဓိပင်ကြီး၏ တောင်ကိုင်းမှ ဖြစ်ပေါ်လာသော အပင်များဖြစ်၍ ယင်းတို့ကို ဒက္ခိဏသာခါ မဟာဗောဓိပင်ဟု ခေါ်ဝေါ်ကြလေသည်။ ဤသို့ဖြင့် သီဟိုဠ်နိုင်ငံသို့ ဗုဒ္ဓသာသနာ ရောက်သည်နှင့် တစ်ပြိုင်နက် မဟာဗောဓိပင်သည်လည်း ရောက်ရှိလာခဲ့ရာ ဗုဒ္ဓသာသနာနှင့် မဟာဗောဓိပင်တို့ အဓိကဆက်သွယ်လျက် ရှိသကဲ့သို့ ဗုဒ္ဓသာသနာရောက်သည့်ဒေသသို့ မဟာဗောဓိပင်လည်း ရောက်လာရကြောင်း ထင်ရှားသော သာဓကဖြစ်သည်။

မဟာဗောဓိပင်သည် မြန်မာနိုင်ငံသို့လည်း သာသနာတော် ရောက်ရှိစဉ်ကပင် တစ်နည်း အလွန်ရှေးကျသောခေတ်ကပင် ရောက်နေပြီဖြစ်ကြောင်း၊ မြန်မာပြက္ခဒိန်လများ၏ ဒုတိယမြောက်လဖြစ်သောလကို ကဆုန်လဟု အမိဟွာယ်အားဖြင့် ဗောဓိညောင်ပင်အား ရေသွန်းလောင်းခြင်းကို အစွဲပြု၍ အမည်ပေးထားခြင်းကပင် သိသာသောအချက်ဖြစ်လေသည်။ သက္ကရာဇ် ၅၆၃ခုထိုးသင်ကြီးညောင်အုပ် ကျောက်စာ၊ သက္ကရာဇ် ၆၅၃ခုနှစ်စွဲ၊ ပုဂံမြို့စောလုဝန်းဘုရားကျောက်စာ အထောက်အထားများအရ ပုဂံခေတ်တွင် မဟာဗောဓိညောင်ပင်များရှိနေပြီ ဖြစ်ပေသည်။ သက္ကရာဇ် ၅၃၆ခုနှစ်တွင် ပုဂံ၌နန်းတက်တော်မူသည့်(အလောင်းစည်သူ၏မြေးတော်) နရပတိစည်သူမင်း လက်ထက်တွင် ပေါင်လောင်ရှင်ဟုခေါ်သော အရှင်ကဿပမထေရ် သီဟိုဠ်မှအပြန် မဟာဗောဓိညောင်စေ့၊ မဟာစေတီပုံတော်၊ လောဟပါသာဒပြာသာဒ်ပုံတော်၊ ဓာတ်တော်မွေတော်များကို ယူဆောင်လာပြီး နရပတိစည်သူမင်းအား ပေးအပ်ကြောင်းကို မှတ်တမ်းဟောင်းများတွင်လည်းကောင်း၊ ပင်းယခေတ်တွင် ဉဇနာမင်းကြီးသည် သက္ကရာဇ် ၇၀၂ခုနှစ်၌ ဗောဓိညောင်ပင်ကို စိုက်ခဲ့ကြောင်းကို သာသနာလင်္ကာရစာတမ်း၁၂၆တွင်လည်းကောင်းတွေ့ရှိရသည်။ မွန်ဘုရင်ဓမ္မစေတီမင်း လက်ထက် ဓမ္မစေတီမင်းကြီးသည် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီး၏ အနောက်မြောက်ဆံတော်ကြိုလမ်း(ယခုဝင်ဒါမီယာ)နံဘေးရှိ ကုန်းတော် (ယခုဗောဓိကုန်း)ပေါ်တွင် သီဟိုဠ်ဒက္ခိဏသာခါ ဗောဓိပင်တော်မှရသော မျိုးစေ့ကို စိုက်ပျိုးတော်မူခဲ့ကြောင်း၊ ဘကြီးတော်မင်းလက်ထက် သက္ကရာဇ် ၁၁၉၆ခုနှစ်တွင် ဝန်ထောက်မင်းကြီး မဟာစည်သူ၊ စာရေးကြီးမင်းလှ နန္ဒကျော်ထင်တို့ မဇ္ဈိမဒေသဗုဒ္ဓဂယာမှ ပင့်ဆောင်လာသည့် မဟာဗောဓိပင်တော်ကို ရွှေနန်းတော်၏ အနောက်တောင်အလုံဝန်ကြီး ကိုးကွယ်သည့် ကျောင်းတိုက်အတွင်း မင်းကြီးကိုယ်တိုင် စိုက်ပျိုးတော်မူခဲ့ကြောင်း၊ ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက် သက္ကရာဇ် ၁၂၂၂ခု နတ်တော်လပြည့်ကျော် ၆ရက်နေ့တွင် မန္တလေးဗောဓိကုန်းအရပ်၌ သီဟိုဠ်ရဟန်းတော်တို့ စေလွှတ်ပို့သလိုက်သော ဗောဓိပင်နှစ်ပင်တို့ကို မင်းတရားကြီးကိုယ်တိုင် စိုက်ပျိုးကိုးကွယ်တော်မူပြီးနောက် ၁၂၂၇ခုနှစ် ကဆုန်လတွင် မဇ္ဈိမဒေသ မဟာဗောဓိပင်တော်အရပ်က ဆောင်ယူဆက်သသည့် ဗောဓိပင်တော်ကို မန္တလေးနေပြည်တော်၏ မြောက်မျက်နှာ ကျောက်တော်ကြီးဘုရား မဟာရံတံတိုင်းအတွင်းတွင် မင်းတရားကြီးကိုယ်တိုင် စိုက်ပျိုးတော်မူခဲ့ကြောင်း သိရှိရပါသည်။

ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှား ရှိတော်မူစဉ်က ပသေနဒီ ကောသလမင်းကြီးသည် အာနန္ဒာဗောဓိပင်ကို အမွှေးနံ့သာရည်တို့ဖြင့် သွန်းလောင်းပူဇော်ခဲ့ဖူးကြောင်း၊ တစ်ဖန် သာသနာသက္ကရာဇ် ၂၃၆ခုနှစ်တွင် သီရိဓမ္မာသောကဘုရင်သည် ဒက္ခိဏသာခါမဟာဗောဓိပင်ကို အနောတတ် ရေစင်ဖြင့် အကြိမ်ကြိမ် အဘိသိက် သွန်းလောင်းခဲ့ဖူးကြောင်း၊ ဒေဝါနံပိယတိဿမင်းသည် သီဟိုဠ်သို့ ပင့်ဆောင်လာသော ဒက္ခိဏသာခါဗောဓိပင်ကို ထီးဖြူတော်ဖြန့်မိုးစိုက်ထူ၍ အဘိသိက် သွန်းလောင်းတော်မူခဲ့ကြောင်း သိရသည်။ ယင်းသို့ ပူဇော်ကြခြင်းသည် ဓလေ့ထုံးစံပွဲတော်တစ်ခုအနေဖြင့် ပူဇော်ခြင်းမျိုးမဟုတ်ဘဲ၊ ဗောဓိပင်တို့ကို စိုက်ပျိုးချိန်၌ အံ့သြဖွယ်ရာ တန်ခိုးပြာဋိဟာများကို ဖူးမြင်ကြရ၍ ကြည်ညိုသဒ္ဓါပွားပြီး ပူဇော်ကြခြင်းသာဖြစ်သည်။ ထို့ပြင် ဒက္ခိဏသာခါဗောဓိပင်ကို သီဟိုဠ်သို့ ပင့်ဆောင်တော်မူသည့်အခါ သီရိဓမ္မာသောကမင်းကြီးက ဗောဓိပင်ကို ရေသွန်းလောင်းရန် ရွှေအိုးရှစ်လုံး၊ ငွေအိုးရှစ်လုံးတို့ကို လှူတော်မူလိုက်ခြင်း၊ သီဟိုဠ်၌ ဒက္ခိဏသာခါဗောဓိပင်ကို စိုက်ပျိုးပြီးသည့်အခါ သီဟိုဠ်ဘုရင်ဒေဝါနံပိယတိဿမင်းကြီးသည် ဒေဝဂုတ္တနှင့် သူရိယဂုတ္တမင်းသားတို့အား အစဉ်အမြဲဝတ်တော်ရေ သွန်းလောင်းရန် ရတနာရွှေကရားကို အသီးသီးအပ်နှံပြီး ညောင်ရေသွန်းရာထူး၌ ခန့်ထားတော်မူခြင်း၊ မင်းမျိုးမင်းနွယ် သတို့သမီးလေးဦးတို့အား ရွှေအိုး၊ ငွေအိုးတို့ကိုပေးအပ်၍ ဗောဓိညောင်ရေ သွန်းလောင်းခြင်းရာထူး၌ ခန့်ထားတော်မူခြင်းတို့ကို ထောက်ရှုခြင်းဖြင့် ဗောဓိပင်တော်တို့ကို ကဆုန်လကျရောက်မှ ရေသွန်းခြင်းမဟုတ်ဘဲ လစဉ်၊ နေ့စဉ် အမြဲထာဝရ ရေသွန်းလောင်းခဲ့ကြသည်ဟု ယူဆရန် ဖြစ်ပေသည်။

ကဆုန်ညောင်ရေသွန်းပွဲတော် ဖြစ်ပေါ်လာရခြင်းကို ဆန်းစစ်ကြည့်လျှင် ရှေးမြန်မာတို့၏ မြင့်မြတ်သော ရည်ရွယ်ချက်နှစ်ခုဖြစ်သည့် **"မဟာဗောဓိညောင်ပင်များ မညှိုးမနွမ်း စိမ်းလန်းရှင်သန်စေရန်နှင့် ဆွေ့ဆွေ့ခုန်အောင် ပူပြင်းလှသည့် ဤကဆုန်လတွင် မိုးရွာသွန်းစေရန်"**စသည့် ရည်ရွယ်ချက်နှစ်ခုဖြင့် အခြေပြုလေသည်။ ဗုဒ္ဓဘာသာဝင်တိုင်း အထွတ်အမြတ်ဖြစ်သော ပရိဘောဂစေတီထိုက်သည့် ဗောဓိညောင်ပင်များ ညှိုးနွမ်းမပျက်စီးဘဲ လန်းဆန်းရှင်သန်စေရန် ရေသွန်းလောင်းပူဇော်သည့် မြန်မာ့ယဉ်ကျေးမှု ဓလေ့ကောင်းကို ဖန်တီးလိုက်ကြခြင်း ဖြစ်သည်။

ပုဂံခေတ်၊ ပင်းယခေတ်တို့တွင် ညောင်ရေသွန်းလောင်းခြင်း ဓလေ့ရှိနေပြီဖြစ်ကြောင်း ကျောက်စာများက ပြဆိုပါသည်။ ကဆုန်လတွင် ကျင်းပသော ညောင်ရေသွန်းပွဲတော်သည် ဘုရင်မင်းမြတ်ကိုယ်တိုင် ကြီးမှူးကျင်းပသဖြင့် အလွန်ကြီးကျယ် ခမ်းနားစည်ကားလှပါသည်။ အင်းဝစသည့် ရှေးခေတ်များ၌ မြန်မာ့ရွှေနန်းတော်ကြီး၌ ကဆုန်ညောင်ရေသွန်းပွဲတော်ကြီးကို ကျင်းပရန် ကဆုန်လဆန်း ၁၄ရက်နေ့မှ စတင်၍ ကြိုတင်ပြင်ဆင်ထားကြရသည်။ ရေခပ်သွား၊ ရေခပ်ပြန်တို့၌လည်း အခမ်းအနားဖြင့် စနစ်တကျ သွားကြပြန်ကြရသည်။ ရေခပ်သွားရာမှ ပြန်လာသည့်အခါ ပွဲသဘင်တော်ခံကြရသည်။ ပွဲသဘင်တော်ခံရာသို့ မင်းသား၊ မင်းမြေး၊ မှူးမတ်အားလုံးတို့ တက်ရောက်ကြရ၏။ ထို့နောက် လပြည့်နေ့နံနက်၌ မြို့တွင်း၊ မြို့ပြင်ရှိ စေတီပုထိုးများနှင့် ဗောဓိညောင်ပင်များကို ညောင်ရေသွန်းကြရသည်။ မှူးတော် မတ်တော်များနှင့်တကွ ပြည်သူများကလည်း ညောင်ရေသွန်းလောင်းကြသည်။

ကဆုန်လသည် နွေဥတုကာလ၏ ဗဟိုချက်မအလယ် ကျသောလဖြစ်ပြီး ဆွေ့ဆွေ့ခုန်မျှ အပူရှိန်လွန်ကဲကြောင်း၊ ဤလတွင် ဝိသာခါနက္ခတ်သည် လမင်းနှင့်အတူ ကောင်းကင်တွင် ယှဉ်ပြိုင်ထွန်းပကြောင်း၊ ရာသီပန်းအနေဖြင့် စကားဝါဖြစ်ကြောင်းနှင့် ကဆုန်လတွင် ညောင်ရေသွန်းကြပုံတို့ကို စာဆိုတော်ဦးပြုံးချိုက **"နေနန်းရယ်တဲ့ ဖလ်သူရိန်၊ တန်ခိုး ဉဏ်ဘာဂုန့်၊ ကဆုန်ဟူသည် မာသမှာ၊ ပြင်းပြပူရှိန်၊ ဝိသာခါယှဉ်ပြိုင်ဝန်းပါလို့၊ ထွန်းလှတဲ့ငွေတာရိန်ငယ်၊ ဒွတ္တိသနေ့စွဲ၊ ပန်းစကားဝါ၊ နန်းဘမရာကေသီဆင်းလို့၊ ရွှေပြည်ခွင်ဖိုလ်ပါရယ်တို့၊ ငြိမ်းညောင်းအောင်၊ ထာဝစဉ်ဖြင့် ခါသဘင်ညောင်ရေသွန်းကြတယ် လွမ်းစရာပွဲ"**ဟု လေးဆစ်သဖြန်ဖြင့် မှတ်တမ်းတင်ခဲ့လေသည်။ ကဆုန်လပြည့်နေ့ ကျရောက်လာတိုင်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့ရွာဒေသအသီးသီး၌ ကဆုန်ညောင်ရေသွန်းပွဲတော်ကို ကျင်းပဆင်နွှဲလေ့ရှိကြလေသည်။ နှစ်စဉ် ညောင်ရေသွန်းအဖွဲ့ ပေါင်းစုံသည့် ရွှေတိဂုံစေတီတော် အင်္ဂါထောင့်၌ ညောင်ရေသွန်းသည့်အခါ ကြည်ညိုဖွယ်ကောင်းလှသည်။

ယင်းရွှေတိဂုံညောင်ရေသွန်းပွဲတော်ကို ၁၂၈၈ခုနှစ်က စတင်ကျင်းပခဲ့သည်ဟု သိရပြီး ညောင်ရေတော်သွန်းလောင်းပူဇော်သည့် ဗောဓိပင်မြတ်သည် ဘုရားပွင့်တော်မူရာ မဟာဗောဓိပင်မှ အစေ့ကိုယူ၍ မဟာဗောဓိအသင်းက စိုက်ပျိုးထားသော မယ်ဒက်ဆရာတော် မဟာဗောဓိပင်မြတ်ဖြစ်ပါသည်။ ရန်ကုန်မြို့တော်တွင် ရွှေတိဂုံစေတီတော်တွင်သာမက ကမ္ဘာအေးစေတီ၊ ဗိုလ်တထောင်စေတီ၊ ဆူးလေစေတီ၊ မယ်လမုဘုရား၊ ကျိုက္ကစံဘုရား၊ ကျိုက္ကလို့၊ ကျိုက္ကလဲ့ဘုရား၊ မဟာဝိဇယစေတီ၊ စွယ်တော်မြတ်စေတီ၊ ပြည်လုံးချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး စသည့် စေတီဘုရားများအပါအဝင် ရန်ကုန်မြို့ရှိ အခြားစေတီဘုရားများတွင်ပါ ညောင်ရေသွန်းပွဲတော်ကို တခမ်းတနားကျင်းပကြသည်။ ကဆုန်ညောင်ရေသွန်းပွဲတော်နှင့်အတူ သက်ကြီးပူဇော်ပွဲများပြုလုပ်ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ အလှူဒါနပြုခြင်း၊ တရားဘာဝနာ ပွားများအားထုတ်ခြင်း ပြုကြသည်။

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းသည် ဒါန၊ သီလ၊ ဘာဝနာတည်းဟူသော ကောင်းမှုကုသိုလ်ပြုလျက် ဘုရားဖြစ်စေရန် ကြီးစွာသောအထောက်အကူပြုခဲ့သည့် ပရိဘောဂစေတီတစ်ဆူဖြစ်တော်မူသော ဗောဓိပင်ကို ကဆုန်လတွင် ရေသွန်းလောင်းပူဇော်ကြခြင်းသည် စဉ်လာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသော ရိုးရာယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ် ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့အတွက်
ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် သတင်းနှင့် စာနယ်ဇင်း လုပ်ငန်းတို့တွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများကို ယှဉ်တွဲပါအရေအတွက်အတိုင်း ဝယ်ယူလိုပါသည်။

(က) ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

1. Web Offset Ink	
(a) Black	12000 Kg
(b) Yellow	1500 Kg
(c) Magenta	1000 Kg
(d) Cyan	793 Kg
2. Sheetfed Offest Ink(Process)	
(a) Black	800 Kg
(b) Yellow	400 Kg
(c) Magenta	200 Kg
(d) Cyan	200 Kg
3. Positive Plates & Chemicals	
(a) 740x615x0.30mm	300 Shts
(b) 635x745x0.24mm	1000 Shts
(c) 1065x785x0.30mm	150 Shts
(d) Positive Developer for above Plate	
4. Nagative Plates & Chemicals	
(a) 915x626x0.3 mm	1500 Shts
(b) 1035x740x0.3 mm	1000 Shts
(c) 650x550x0.3 mm	150 Shts
(d) 889x609x0.3 mm	500 Shts
(e) Negative Developer for above Plates	
5. Films & Chemicals	
(a) Ortho films with Fixer Developer 22"x 32"(50)Shts Packet	50 Pkt
(b) Image Setter films with Fixer and Developer	30 Rolls
6. Stitching Wire(2 Kg Coil)	
(a) 32 guage	1500 Coils
(b) 24 guage	300 Coils

(ခ) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

1. Web Offset Ink(Black)	45000 Kg
2. Sheetfed Offset Ink(Black)	1600 Kg
3. Agfa Film(24"x 200')	45 Rolls
4. Agfa Film(22" x 32")	90 Boxes
5. P.S Plate (889 x 586)	2600 Shts
6. Wipe on Aluminium Plate (745 x635)	240 Shts
7. P.S Developer	100 Litre
8. Hilithodol	60 Boxes
9. Coating (A+B)Set	160 Sets
10. Developing Lacquer	160 Boxes
11. A3 Toner	63 Boxes
12. Gestetner Ink Tube	500 Boxes
13. Rubber Blanket	
(a) 676 x 545 x 1.95 mm	8 Shts
(b) 765 x 780 x 1.95 mm	8 Shts
(c) 675 x 645 x 1.95 mm	24 Shts

၂။ တင်ဒါပေးသွင်းမှုကို ၂၇–၅–၂၀၀၅ ရက် (၁၆း၃၀)နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်မေးမြန်းဝယ်ယူနိုင်ပါသည်–

ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့၊
ဖုန်း–၂၄၅၆၂၄၊ ၂၄၅၆၃၁၊ ၂၄၅၆၄၅။

ချိပ်ပိတ်တင်ဒါကြော်ငြာ

၁။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန (ရုံးချုပ်)တွင် မော်လမြိုင်၊ ကျိုက်မရော၊ မုဒုံ၊ ချောင်းဆုံမြို့နယ်များရှိ တင်ဒါငါးဖမ်းကွက် (၉၆)ကွက်အား ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါ၍ တင်ဒါဆွဲဝယ်လိုသူမည်သူမဆို တင်ဒါဆွဲဝယ်ခွင့်လက်မှတ်များ ကို ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနနှင့် ချောင်းဆုံမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနများတွင် ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

တင်ဒါဆွဲဝယ်ခွင့်လျှောက်လွှာ လက်မှတ်ထုတ်ပေးမည့်နေ့ရက်	–	၆–၆–၂၀၀၅ရက်မှ၂၁–၆–၂၀၀၅ရက်ထိ
တင်ဒါဆွဲဝယ်ခွင့်လျှောက်လွှာ လက်မှတ်ထုတ်ပေးမည့်နေရာ	–	ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်) မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနနှင့် ချောင်းဆုံမြို့နယ်ငါးလုပ်ငန်းဦးစီးဌာန
တင်ဒါရောင်းချမည့်နေ့	–	၂၃–၆–၂၀၀၅ရက်(ကြာသပတေးနေ့)
တင်ဒါရောင်းချမည့်အချိန်	–	၁၀း၀၀နာရီ
တင်ဒါရောင်းချမည့်နေရာ	–	ငါးလုပ်ငန်းဦးစီးဌာန၊ အစည်းအဝေးခန်းမ၊ ဆင်မင်းလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

၂။ ရောင်းချမည့်တင်ဒါငါးဖမ်းကွက်များနှင့် တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များအား သိရှိလိုပါက သက်ဆိုင်ရာပြည်နယ်၊ ခရိုင်၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနများနှင့် ငါးလုပ်ငန်းဦးစီးဌာန၊ ကြီးကြပ်/အခွန်ဌာနခွဲ၊ ဖုန်း–၂၂၀၆၁၆နှင့် ၂၂၅၅၈၀သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ချိပ်ပိတ်တင်ဒါရောင်းချရေးအဖွဲ့
ငါးလုပ်ငန်းဦးစီးဌာန၊ ရန်ကုန်မြို့။

အမည်ပြောင်း

အဖဦးလှချို၏သား အထက(၁) အင်းစိန် န၀မတန်း(B)မှ မောင်သန်းထူးအောင်အား မောင်အောင်ကျော်မင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်အောင်ကျော်မင်း။

အမည်ပြောင်း

အထက(၃) တာမွေ၊ ပဉ္စမတန်း(က)မှ ဦးထွန်းငွေ၏ သမီး မဆုယမင်းထွန်းအား မနန်းအဥ္ဆလီဟု ပြောင်းလဲခေါ်ပါရန်။

မနန်းအဥ္ဆလီ။

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့တွင် အသုံးပြုရန်လိုအပ်သော စက္ကူများဝယ်ယူရန်
တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့တွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါစက္ကူများကို ဝယ်ယူလိုပါသည်–

(က) ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

(၁) Newsprint Paper(48.8 GSM) (°28$\frac{1}{4}$ ", 30"°)	တန် ၁၇၅၀
(၂) Woodfree Paper (30") (80 GSM)	တန် ၅၀

(ခ) သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

(၁) Newsprint Paper (30") (48.8 GSM)	တန် ၁၈၀၀

၂။ တင်ဒါပေးသွင်းမှုကို ၂၇–၅–၂၀၀၅ရက် ၁၆း၃၀နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပပစ္စည်းများ ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့၊ ဖုန်း–၂၄၅၆၂၄၊ ၂၄၅၆၃၁၊ ၂၄၅၆၄၅။

ကျေးဇူးတင်လွှာ

ပြည်မြို့လောကပါလ အထူးကုဆေးခန်း(၇)နှစ်မြောက် နှစ်ပတ်လည် ညစာစားပွဲနှင့် ဆုပေးပွဲကို၂၂–၅–၂၀၀၅ရက်တွင် ကျင်းပပြုလုပ်ပေးသော ဥက္ကဋ္ဌဦးကျော်ပိုင်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်အိအိမြတ်နှင့် ဒါရိုက်တာအဖွဲ့ဝင်အားလုံးကို ကျေးဇူးတင်ရှိပါသည်။

လောကပါလအထူးကုဆေးခန်း
မိသားစုဝန်ထမ်းများ၊
အမှတ်–၁၃၉၁၊ ပြည်–ရန်ကုန်လမ်း၊ ပြည်မြို့။

ကျေးဇူးဆပ်ပါမည်

ကျွန်မ ဒေါ်ခေါ်နိမိုင်၏ နိုင်ငံကူး လက်မှတ်အမှတ် – ၁၂၇၀၅၁ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း–၇၀၅၆၀၄။**

အမည်ပြောင်း

လှည်းကူးမြို့၊မြို့မ အလက ဆဋ္ဌမတန်း(င)မှ အဖ ဦးမောင်မောင်ခိုင်၏ သမီး မရွှေဝတ်မှုံမောင်မောင်အား မရွှေဝတ်မှုံဦးဟု ပြောင်းလဲခေါ်ပါရန်။

မရွှေဝတ်မှုံဦး။

မှူးဆယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဗိုလ်ကြီးအောင်အောင်လွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးစိုးရန်နိုင်တို့ ဧပြီ ၂၇ရက်က စည်ပင်သာယာရေးအဖွဲ့ပိုင်အမှတ်(၁)ဈေးနှင့် အမှတ်(၂)ဈေးတို့တွင် မီးဘေးလုံခြုံရေးနှင့် သန့်ရှင်းမှုရှိစေရေးအတွက် ကြည့်ရှုစစ်ဆေးကြစဉ်။

(မြို့နယ် စည်ပင်)

သိန်းနီမြို့နယ် စယ်အူကျေးရွာရှိ နိုင်ငံသား အရည်အချင်း ပြည့်မီသော တိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို မေ ၃ရက်က ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်ဦးစီးမှူးညွှန်ကြားရေးမှူးဦးထွန်းထွန်းစိုးက ပေးအပ်စဉ်။ (လဝက)

ရွှေဘိုမြို့နယ်တွင် ကျန်းမာရေးနှင့်ဥပဒေပိုင်းဆိုင်ရာ ဗဟုသုတများ အသိပညာပေးဟောပြောပွဲကျင်းပ

ရွှေဘို မေ ၅

ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ပူးပေါင်း၍ ကျန်းမာရေးနှင့် ဥပဒေပိုင်းဆိုင်ရာ ဗဟုသုတများ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဧပြီ ၂၈ရက်က ရွှေဘိုမြို့နယ် ပလိုင်းကျေးရွာတွဲဖက် အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ နာယက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်၏ဇနီးဒေါ်မြမြအေးက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး၏ဇနီး ဒေါ်ညိုညိုမြင့်က အမျိုးသမီးရေးရာ လုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ ဇနီးဒေါ်ခင်လေးမေက အမျိုးသမီးရေးရာအဖွဲ့အသင်းသား တိုးတက်ရေးစည်းရုံးဟောပြောပြီး ခရိုင် ဒုတိယဥပဒေအရာရှိ ဒေါ်ခင်သန်းဌေးက မိန်းကလေးငယ်များ ဘဝဖွံ့ဖြိုးရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအကြောင်း ရှင်းလင်းသည်။

ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်ခိုင်က စာပေဖတ်ရှုခြင်းနှင့် စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းဟောပြောပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာဝင်းပပအေးက အမျိုးသမီးများတွင် ဖြစ်ပွားတတ်သော ရင်သားကင်ဆာရောဂါအကြောင်းနှင့် ခုခံအားကျဆင်းမှု ရောဂါအကြောင်းကို ပညာပေးဟောပြောသည်။

အလားတူ အသိပညာပေးဟောပြောပွဲများကို ချိပါကျေးရွာနှင့် ဆိပ်ခွန်ကျေးရွာတို့တွင် ဟောပြောကြသည်။

(ခရိုင်ပြန်/ဆက်)

ရင်ငြိမ်းပန်း ကရုဏာအသင်း မိသားစုက လှူဒါန်းငွေ ကျပ်နှစ်သိန်းကို ဇြပဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အလုပ်အမှုဆောင်ဦးအောင်ကြွယ်စိုးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

မြန်မာ့အသံ

၂၄–၅–၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း
၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မင်္ဂလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း
၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (မော်လမြိုင်ဇုန်ဟိုတယ်လုပ်ငန်းရှင်များအသင်း)
၁၃း၃၀ မြန်မာ့မူဟန်ဇာတ်မာန် ဟောပြောချက် (မြန်မာ့သူရဲကောင်းအတ္ထုပ္ပတ္တိများနှင့် ဦးသိမ်းမောင်၏ဇာတ်မာန်)
၁၂း၀၀ သူ့အတွေးနှင့်သူ့အရေး (အလင်းနှင့်အမှောင်–ဒေါက်တာမြင့်သန်း)
၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ (ပိုက်ကိုတိုးသောယုန်)
၁၂း၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (ပျူယဉ်ကျေးမှု–ခင်မြန်မာ)

ညနေပိုင်း
၁၆း၁၅ လူငယ်တွေ့ဆုံပွဲနှင့် နှီးနှော ဖလှယ်ပွဲ(ပုဂံ)ဆွေးနွေးခန်း
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၀ ကမ္ဘာ့ဂီတ
၁၇း၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (အားကစားသမားများအတွက် စိတ်တည်ငြိမ်မှု)
၁၈း၁၅ ကျေးလက်ဇာတ်လမ်း (ကိုထိန်အတွက် ဆေးကောင်းတစ်လက်)
၁၉း၁၅ ကျန်းမာရေးနှင့် ဆေးပညာ (နို့ချိုတိုက်ကျွေးကမ္ဘာ့ရင်သွေး ငြိမ်းအေးမျှတ ကလေးသူငယ်ဘဝ)
၂၀း၃၀ ကလေးများအတွက် တေးသီချင်း

နိုင်ငံရေးဦးတည်ချက် (၄) ရပ်	စီးပွားရေးဦးတည်ချက် (၄) ရပ်	လူမှုရေးဦးတည်ချက် (၄) ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကဆုန်လပြည့်နေ့ (ဗုဒ္ဓအခါတော်နေ့)က မဟာဝိဇယစေတီတော်ရှိ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းရန် လာကြသော ဝတ်အသင်းအဖွဲ့များ၊ ဘုရားဖူးပြည်သူများကို ဤသို့ စည်ကားစွာ တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

ကဆုန်လပြည့်နေ့ ဘုရား၊ ကျောင်းကန်များ၌ ကုသိုလ်ပြုသူများစည်ကား မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်းပူဇော်ပွဲများ ခြိမ့်ခြိမ့်သဲသဲကျင်းပ

ရန်ကုန် မေ ၂၂

ယနေ့သည် ကဆုန်လပြည့်နေ့ (ဗုဒ္ဓအခါတော်နေ့) ဖြစ်သည်။ ကဆုန်လပြည့်နေ့သည် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ဗုဒ္ဓဆုထူးကိုပန်ဆင်သည့် နိယတဗျာဒိတ်တော်ခံယူသော အမိဝမ်းကြာတိုက်မှ ဖွားတော်မူသော သုံးလူ့ထွတ်ထား သဗ္ဗာသမ္ဗုဒ္ဓ ဘုရားစင်စစ် ဖြစ်တော်မူသော၊ ခန္ဓာဇာတ်သိမ်း ကင်းငြိမ်းအမှန် ခန္ဓပရိနိဗ္ဗာန်ဝင် *စာမျက်နှာ ၆ ကော်လံ ၁* ■

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို မင်းဓမ္မကုန်းတော် လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရင်ပြင်တော်ရှိ မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်းစဉ်။
ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

ကဆုန်လပြည့် ဗုဒ္ဓနေ့၌ ရုပ်ပွားတော် နှင့် မဟာဗောဓိ ညောင်ပင် တို့အား ညောင်ရေ သွန်းလောင်း ပူဇော်

ရွှေတိဂုံစေတီတော်ကြီးရှိ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ကုသိုလ်ယူနေကြသော ဝတ်အသင်းအဖွဲ့များ၊ ဘုရားဖူးပြည်သူများကို ကြည်နူးဖွယ်တွေ့ရစဉ်။
ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

23-5 (20).p65 1 3/24/05, 12:03 PM